# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကိုထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 25 May 2023 ၁၁၁၀၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**မဲခေါင်-လန်ချန်း နိုင်ငံများတွင် အများပါဝင်နိုင်သော၊ စဉ်ဆက်မပြတ်သော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့် ကောင်းများဆိုင်ရာ ဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၇

**မကွေးမြို့အနီးရှိ ၁၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ အင်ဂျင်ပေါင်းစပ်သုံးဓာတ်အားပေးစက်ရုံစီမံကိန်း လုပ်ငန်းဆောင်ရွက်**

စာမျက်နှာ » ၉



**ပညာရှာလူငယ်များ သူတို့အနာဂတ်ကို လေးစား**

ဆောင်းပါး စာမျက်နှာ » ၁၂

**သဘာဝ ဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၁၅


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပေါက်တောမြို့နယ်အတွင်း အခမဲ့ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ ပေါက်တောမြို့နယ်အတွင်း အခမဲ့ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

**စစ်တွေ မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ပေါက်တောမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ပေါက်တောမြို့နယ် ပြန်လည်ထူထောင်ရေးရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် ပေါက်တောမြို့နယ် ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် ဆန်နီအုန်း၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများက မိုခါမုန်တိုင်းဒဏ်ခံခဲ့ရသည့် ပေါက်တောမြို့နယ်အား လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအမံများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ၏ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလေးအနက်ထားပြီး ပြည်ထောင်စုအဆင့် အနီးကပ်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နေမှု၊ လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ဖြန့်ခွဲနိုင်မည့်အခြေအနေ၊ ထူထောင်ရေးလုပ်ငန်းများတွင်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ

# သာသနာတော်ကြီး အရှည်တည်တံ့ထွန်းကား

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည် အရှင်သူမြတ် ၁၅၂ ပါးတို့အား ချီးကျူးပူဇော်ပွဲ၊ အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို မေလ ၂၃ ရက်နေ့က ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ကျင်းပခဲ့သည်။

(၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် သုတ္တန္တပိဋက ဒီဃနိကာယ်ရေးဖြေအောင် ဒီဃနိကာယကောဝိဒဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် သုံးပါး၊ ဝိနယပိဋက ဝိနည်းတစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် ရှစ်ပါး၊ ဝိနယပိဋကဝိနည်း (ပထမပိုင်း)ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် ခုနစ်ပါး၊ အဘိဓမ္မပိဋက အဘိဓမ္မာ (ပထမပိုင်း) ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် လေးပါး၊ သုတ္တန္တပိဋက ဒီဃနိကာယ်အာဂုံအောင် ဒီဃဘာဏကဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် ရှစ်ပါး၊ ဝိနယပိဋကဝိနည်း (ဒုတိယပိုင်း) အာဂုံအောင် ဝိနယဓရဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် ၃၇ ပါး၊ ဝိနယပိဋကဝိနည်း (ပထမပိုင်း) အာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ သာသနဓဇအာဇာနည်အရှင်မြတ် ၈၅ ပါး စုစုပေါင်း ၁၅၂ ပါး အောင်မြင်တော်မူခဲ့သည်။

ယခုကျင်းပပြီးစီးခဲ့သည့် (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲအထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် (၇၅) နှစ်တာကာလအတွင်း တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနဓဇအာဇာနည် အရှင်သူမြတ် ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနဓဇအာဇာနည် အရှင်သူမြတ် ခုနစ်ပါး ပေါ်ထွန်းခဲ့ပြီး သာသနာတော်၏အကျိုးကို သယ်ပိုးထမ်းရွက်ဆောင်ရွက်တော်မူခဲ့သဖြင့် မြန်မာနိုင်ငံသည် သာသနာရောင်ဝါ နေလပမာထွန်းလင်းတောက်ပသည့်ကမ္ဘာပေါ်တွင် တစ်ခုတည်းသောနိုင်ငံအဖြစ် ဂုဏ်ယူဖွယ် တည်ရှိနေသည်။

မြတ်စွာဘုရားရှင်သည် "နတာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ" အစဖြာလျက် ယုတ်မာစွာလတ် ဟယ်မာရ်နတ်၊ ငါဘုရား၏တပည့်ဖြစ်ကြသော ရဟန်းတို့သည် အထူးထူးသော အရာတို့၌ လိမ္မာမှုမရှိကြသေးသမျှ ဆုံးမအပ်ပြီးသည် မဖြစ်ကြသေးသမျှ၊ ရဲဝံ့ခြင်းမရှိသေးသမျှ၊ ပိဋကတ်သုံးပုံဟူသော ဘုရားဟောစကားတော်ကို များစွာမသင်ကြားမနာကြားအပ်သေးသမျှ၊ ပိဋကတ်သုံးပုံဟူသောတရားတော်ကို မဆောင်နိုင်သေးသမျှ၊ လောကုတ္တရာတရားကိုးပါးအားလျော်သောအကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ ဝိပဿနာဝိသုဒ္ဓိအကျင့်အားလျော်သောတရားများကို မကျင့်နိုင်သေးသမျှ၊ မိမိဆရာ (မြတ်စွာဘုရား)၏ဝါဒကို သင်ကြား၍ မဟောပြ မပို့ချ မသင်ပြနိုင်သေးသမျှ၊ မဝေဖန်နိုင် ပေါ်လွင်ထင်ရှားအောင် မပြုလုပ်နိုင်သေးသမျှ၊ ဖြစ်ပေါ်လာသည့်သူတစ်ပါးတို့အယူဝါဒကို အကြောင်းနှင့်တကွသောစကားဖြင့် နှိမ်နင်းသည်မည်လောက်အောင် နှိမ်နင်း၍ မဟောပြနိုင်သေးသမျှ ငါဘုရားပရိနိဗ္ဗာန်မစံသေး" ဟု သုတ္တန္တပိဋက၊ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်တော် စာမျက်နှာ (၈၇)တွင် ညွှန်ပြထားသည်။

ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ်တွင် ပွင့်တော်မူခဲ့သော မြတ်စွာဘုရားရှင်သည် (၄၅)ဝါ ကာလပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားအတွက် လုံ့လဝီရိယကြီးစွာဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတို့ကို မနေမနားဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူချက်အရ "ဓမ္မဝိနယ" ခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ထင်ရှားစွာရှိသမျှကာလပတ်လုံး မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိနေသည်မည်သည်။ သာသနာတော်ဟူသည်မှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်များပင်ဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ကွယ်ပျောက်ပါက မြတ်စွာဘုရားကွယ်ပျောက်ပြီး သာသနာတော်လည်း ကွယ်ပျောက်မည်ဖြစ်သည်။ သာသနာကွယ်ပျောက်ခြင်းသည် လောကဓာတ်ကြီးတစ်ခုလုံး အမှောင်အတိ ဖုံးမည်ဖြစ်သည်။

သို့ဖြစ်၍ မြတ်စွာဘုရား၏ တပည့်သားကောင်း ရဟန်းသံဃာတော်အဆက်ဆက်သည် ဓမ္မဝိနယ ခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ မညစ်နွမ်း မကွယ်ပျောက်ရန် ကြိုးစားစောင့်ရှောက်အားထုတ်တော်မူခဲ့ကြသည်။ သာသနာတော်အတွက် ဆန့်ကျင်ဘက်အန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ မြတ်စွာဘုရား၏ တပည့်ရဟန်းသံဃာတော်များသည် ကြောင့်ကြမဲ့မနေကြဘဲ သာသနာတော်သန့်ရှင်းတည်တံ့ထွန်းကားရေးအတွက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို အာဂုံဆောင်နိုင်အောင်၊ ပြန့်ပွားနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ခေတ်အဆက်ဆက် မင်း၊ အစိုးရများနှင့် ပြည်သူတို့ကလည်း ကြောင့်ကြမဲ့မနေဘဲ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အဘက်ဘက်မှ ထောက်ပံ့ကူညီချီးမြှင့်ခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လျက်ရှိသည့် သာသနဓဇအာဇာနည်အရှင်သူမြတ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလျက်ရှိသဖြင့် သာသနာတော်ကြီး အရှည်တည်တံ့မြဲမြံနေမည်ဖြစ်ပါကြောင်း။ ။


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
၂၀၂၃ ခုနှစ် မေလ ၂၆ ရက်

MONREC

UFES

CENTENARY OF FORESTRY

မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တောပညာကို ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်သဖြင့် ရာပြည့်အထိမ်းအမှတ် အခမ်းအနားအား ၂၀၂၃ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပပါမည်။


## မူမှန်ပြက္ခဒိန်ရောင်းချမည်

**နေပြည်တော် မေ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၅–၁၃၈၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၄ ခုနှစ်အတွက် မြန်မာ – ရခိုင်– အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၃ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ငွေကျပ်တစ်သောင်းဖြင့် ရုံးအမှတ်(၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

ပြက္ခဒိန်ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိသူများအနေဖြင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူသုံးစွဲခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ရိုက်နှိပ်ဖြန့်ချိနိုင်မည်ဖြစ်ပါကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိပါကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄ – ၅ –၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၀၀၀ | ၅၄၃ | ၄,၃၄၅,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၃၇ | ၁၀၇,၃၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၃ | ၂၁,၉၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၇၄ | ၁၀၇,၃၀၀ |
| TMH | ၂,၅၅၀ | ၂,၄၀၀ | ၆၄ | ၁၅၅,၁၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၅ | ၁၂,၇၅၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၁၀၂ | ၄၈၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၆၀.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၇.၉၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၇၈၁ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၇.၃၇ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၉၉ |
| ( ဆ ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၇၉.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၈.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၅.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၁၃၃၅

☆ ရှေ့ဖုံးမှ

ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် မုန်တိုင်းအလွန်ကာလတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အနေအထားဖြစ်အောင် မျှော်မှန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

**အလေးအနက်ထားဆောင်ရွက်**

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် မြို့နယ် ၁၈ မြို့နယ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်မှ အရာရှိကြီးများ တာဝန်ပေးစေလွှတ်ထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ အနေဖြင့်လည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပျက်စီးမှုအနည်းအများနှင့် ဦးစားပေးဆောင်ရွက်ရမည့် အစီအစဉ်အတိုင်း ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကျန်းမာရေးပိုင်းနှင့် ပတ်သက်၍လည်း မုန်တိုင်းဒဏ်သင့်ဒေသများသို့ အထူးကုဆရာဝန်ကြီးများဦးစီး၍ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှင့် အထူးကုဆေးအဖွဲ့များ စေလွှတ်ကာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေးကဏ္ဍသည်လည်း အရေးကြီးသည့်အတွက် ပြည်သူလူထု အဆင်ပြေချောမွေ့စွာ ဆက်သွယ်မှုရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ဝန်ထမ်းများ နေ့ညမပြတ် ကြိုးစားဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ အချိန်မီရောက်ရှိရေးနှင့် လိုအပ်သည့်ဒေသများသို့ စနစ်တကျ ဖြန့်ခွဲပေးပို့နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကိုတာဝန်ရှိသူများထံ ပေးအပ်ပြီး ပေါက်တောမြို့၌ ကလေးအထူးကု၊သမားတော်၊ သွားနှင့်ခံတွင်း အထူးကု၊ မျက်စိအထူးကု၊ အရိုးအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကာ လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပေါက်တောမြို့ အခြေခံပညာ အထက်တန်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပေါက်တောမြို့နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ကျောင်းသို့ ရောက်ရှိပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပေါက်တောမြို့ ဘဝမ်းကျောင်းတိုက် ဆရာတော်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းထံ စေတနာရှင် အလှူရှင်တစ်ဦးက အလှူငွေပေးအပ်လှူဒါန်းစဉ်။

အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် အမိုးသွပ်များ ဆက်ကပ်လှူဒါန်းသည်။ မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**လက်ခံရယူ**

အခမ်းအနားတွင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် ၂၂၅၆ သိန်း လက်ခံရရှိခဲ့ကြောင်း သိရသည်။

**တက်ရောက်**

ညနေပိုင်းတွင် နေပြည်တော်၌ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်၍ မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးဘုန်းမြတ်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီး ဦးစိုးကြည်တို့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် စစ်တွေမြို့နယ် ကျက်တောပြင်ကျေးရွာရှိ ကျွဲ၊ နွား ၁၂ ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ထိခိုက်ဒဏ်ရာနှင့် နာမကျန်းဖြစ်ပွားလျက်ရှိသည့် ကျွဲ၊ နွား ၂၃ ကောင်နှင့် အင်အားချိနဲ့ ကျွဲ၊ နွား ၅၂ ကောင်ကို အားဆေးထိုးနှံခြင်း၊ အုန်းရေဖော်ကျေးရွာရှိ ကျွဲ၊ နွားအကောင် ၂၀ ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ထိခိုက်ဒဏ်ရာနှင့် နာမကျန်း ဖြစ်ပွားလျက်ရှိသည့် ကျွဲ၊ နွားငါးကောင်နှင့် အင်အားချိနဲ့ ကျွဲ၊ နွားခုနစ်ကောင်တို့ကို အားဆေးထိုးနှံခြင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် စစ်တွေတပ်နယ်အတွင်းရှိ နွား ၁၁၇ ကောင်ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ နာမကျန်းဖြစ်ပွားလျက်ရှိသည့် နွားရှစ်ကောင်ကို ဆေးကုသပေးခြင်း၊ ဝက် ၁၂ ကောင်ကို ဝက်ပလိပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ သံချဆေးနှင့် အားဆေးများ ထိုးနှံပေးခြင်းနှင့် နာမကျန်းဝက်တစ်ကောင်ကို ဆေးကုသပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိသည့် မုန်တိုင်းဒဏ်သင့် မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ကုသမှုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# မိုခါမုန်တိုင်းဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ ပေးပို့သည့် အကူအညီပစ္စည်းများကို လွှဲပြောင်းလက်ခံ



ရန်ကုန် မေ ၂၄

ထိုင်းနိုင်ငံဘုရင်မင်းမြတ် His Majesty King Maha Vajiralongkorn Phra Vajiraklaochaoyuhua နှင့် မိဖုရား Her Majesty Queen Suthida Bajrasu–dhabimalalakshana ၊ ထိုင်းနိုင်ငံအစိုးရ၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း–မြန်မာချစ်ကြည်ရေးအသင်း၊ ထိုင်းပုဂ္ဂလိကကဏ္ဍနှင့် ထိုင်းပြည်သူများက မိုခါမုန်တိုင်းဒဏ်သင့်ဒေသရှိ ပြည်သူများထံသို့ ပေးပို့လှူဒါန်းသည့် ယာယီတဲများနှင့် အမိုးအကာများ၊ ဆိုလာမီးအိမ်များ၊ ကယ်ဆယ်ရေးအိတ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ငါးသေတ္တာများနှင့် အသင့်စားခေါက်ဆွဲခြောက်များ သယ်ဆောင်လာသည့် ထိုင်းတော်ဝင်လေတပ်မှ C–130 လေယာဉ်နှစ်စင်းသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်လေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

လေဆိပ်သို့ရောက်ရှိလာသည့် အကူအညီပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်း ဝိစစ်စတန်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထိုင်းဘုရင်မင်းမြတ်နှင့် မိဖုရားနှင့် ထိုင်းပြည်သူတို့က လှူဒါန်းသည့် တန်ချိန် ၂၀ ခန့်ရှိသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပေးပို့ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားမိုးလေဝသ အခြေအနေ

နေပြည်တော် မေ ၂၄

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန် ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “မဝါ” (Mawar)မှ ပြတ်ထွက်လာ သောတိမ်တိုက်များကြောင့်လည်းကောင်း (၂၈.၅.၂၀၂၃)ရက်နေ့မှ (၃၀.၅.၂၀၂၃)ရက်နေ့အတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄–၅–၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA –011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA– 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပါသည်–

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၀၅၀<br>၀၉–၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၀၄၈<br>၀၉–၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉–၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇–၃၄၀၄၃၁၆<br>၀၉–၄၃၀၅၄၈၄၄ | | |






















အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်ဖွင့်လှစ်

တောင်ကြီး မေ ၂၄

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အဆိုပါကျောင်း ဒေါ်ခင်သိန်းခန်းမ၌ကျင်းပရာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကျောင်းအပ်နှံရေးနေ့ သီချင်းဖြင့် ဖွင့်လှစ်သည်။




### အခမဲ့ဖြန့်ဝေပေးလျက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သတ်မှတ်ကာလအတွင်း သင်ယူပြီးမြောက်စေရေးအတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေသည့်ကလေးတိုင်း ကျောင်းနေမြဲရေးလုပ်ငန်းကို ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအသင်းအဖွဲ့ဝင်များ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်ပံ့ပိုးကူညီမှုများဖြင့် နှစ်စဉ်နှစ်တိုင်း မေလနောက်ဆုံးရက်သတ္တပတ်ကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်နှံရေးအခမ်းအနားများ ဆောင်ရွက်ကြကြောင်း၊ ပညာသင်နှစ်အစပိုင်းတွင် မိဘများ အခက်အခဲမရှိစေဘဲ သားသမီးများကို ကျောင်းအပ်နှံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပုံနှိပ်ပြဋ္ဌာန်းဖတ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခြင်းသည် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေမြဲရေးအတွက်လိုကြောင်း၊ ယင်းအပြင် ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုဝန်းကျင်ကောင်းများဖြစ်ထွန်းလာစေရန် ပညာရေးဝန်ကြီးဌာနက ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းအဆင့်(Grade-9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့လာခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာအလယ်တန်းဆင့်(Grade-9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့်ကျောင်းသားကျောင်းသူများသည်အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ်လေးမျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများရှိကြောင်း၊ အလယ်တန်းအဆင့်(Grade-9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အခြေခံပညာ အထက်တန်းကျောင်း ၅၁ ကျောင်းတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်း သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က "ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းရောက်ရန် မိဘများ၏ အဓိကတာဝန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းအပ်နှံရေးအခမ်းအနားတွင် အခမဲ့ပုံနှိပ်စာအုပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေးအပ်ရာ ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်ကလည်းကောင်း၊ အခမဲ့ဗလာစာအုပ်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တောင်ကြီးခရိုင်ပညာရေးမှူး ဒေါ်ယမင်းစုကလည်းကောင်း၊ ကျောင်းဝတ်စုံများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ပေးအပ်ရာ လွိုင်လင်ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေးကလည်းကောင်း၊ (Grade-5)သင်ထောက်ကူပစ္စည်းများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပေးအပ်ရာ လင်းခေးခရိုင်ပညာရေးမှူး ဦးညီညီကလည်းကောင်း၊ (Grade-8) သင်ထောက်ကူပစ္စည်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ပေးအပ်ရာ ပင်းတယခရိုင်ပညာရေးမှူး ဦးခင်ဇော်ထွန်းကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အထက(၇) ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော ပညာရေးပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများသည် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ပေါင်လင်း) ဖွင့်လှစ်နိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပေါင်လင်းကျေးရွာအုပ်စု ဒုံမေးခိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် စငေါ်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း(နမ့်ဟူး)တို့တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပညာရေးဝန်ကြီးဌာနမှ ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပုံနှိပ်ပြဋ္ဌာန်း ဖတ်စာအုပ်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ အမှတ်(၄)၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

### ပညာရေးဝန်ကြီးဌာန

### "၂၀၂၃ -၂၀၂၄ ပညာသင်နှစ်"

**မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်**

- ❖ **မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။**
- ❖ **ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။**
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ **ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။**
- ❖ **ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။**
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ လယ်ဝေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်ရှိ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ခွန်စံလွင်နှင့် ဦးရွှေကြိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာများမှ လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

**ထောက်ပံ့လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဧပြီ ၂၁ ရက်တွင် ဖြစ်ပွားခဲ့သည့် လေပြင်းဘေးကြောင့် ထိခိုက်ခံစားခဲ့ရသည့် လယ်ဝေးမြို့နယ် ကန်သာကျေးရွာအုပ်စု တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းများအနေဖြင့် ကိုယ့်သွေးချင်းသားရင်းပမာ လူမျိုးဘာသာမခွဲခြားဘဲ လူသားချင်းစာနာစိတ်အပြည့်ဖြင့် စားရေရိက္ခာ ဖူလုံစေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်လှူဒါန်း ထောက်ပံ့ရခြင်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့တို့ကိုယ်စား လေဘေးသင့်အိမ်ထောင်စု ၂၅၅ စုတို့အား ဆန်၊ ဆီ ရိက္ခာများ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လေဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာများအား စနစ်တကျပြန်လည်ထူထောင်နိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် စေတနာရှင်အလှူရှင်များက ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများနှင့် ငွေများကို အလေအလွင့်မရှိစေရေး မှတ်တမ်းပြုစု ဆောင်ရွက်လျက်ရှိကြောင်း၊ လေဘေးသင့်ကျေးရွာနှစ်ရွာအား ပြန်လည်ထူထောင်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများ၊ ဆန်၊ ဆီ ရိက္ခာများ ထောက်ပံ့လှူဒါန်းပေးကြသည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့တို့အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့တို့က ထောက်ပံ့လှူဒါန်းသည့် ဆန်၊ ဆီ ရိက္ခာများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်း၊ အမှုထမ်းများက လှူဒါန်းသည့် လှူဒါန်းငွေကျပ် ၄၂၀၈၇၀၀ ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းကြရာ လေဘေးသင့်အိမ်ထောင်စုများ၏ကိုယ်စား လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် လေဘေးသင့်ကျေးရွာမှ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

လေဘေးသင့်အိမ်ခြေ ၂၅၅ အိမ်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် တစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ တန်ဖိုးငွေကျပ် ၉၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၉၂ သိန်းခန့်နှင့် ထောက်ပံ့ငွေကျပ် ၄၂၀၈၇၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာတွေ့သာမက လက်တွေ့ကျသည့် သင်ခန်းစာများဖြင့် သင်ကြားပေးပြီး လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ မန္တလေးနည်းပညာတက္ကသိုလ်၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။




**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကွန်ပျူတာတက္ကသိုလ် (မန္တလေး) သို့ရောက်ရှိပြီး တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပစေရေး၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်တတ်ကြွစွာ အားကစားပြုလုပ်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာနေထိုင်နိုင်ရေး၊ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားကာ ဆရာ ဆရာမ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပင်မစာသင်ဆောင်ရှိ ကွန်ပျူတာခန်းများနှင့် လက်တွေ့ခန်းများ၊ တက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူဆောင်များ၊ ကန်တင်းနှင့် အားကစားကွင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးနည်းပညာတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ် (မန္တလေး) တည်ဆောက်ရေးစီမံကိန်းနေရာသို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်ရှိ စုဝေးခန်းမတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းအသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လူ့အဖွဲ့အစည်း၊ လူသားများနှင့် ပတ်ဝန်းကျင်ကောင်းကျိုးအတွက် ဆန်းသစ်တီထွင်နိုင်သော သုတေသီများနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် ထိထိရောက်ရောက် အကျိုးပြုနိုင်သော အင်ဂျင်နီယာများ၊ ကျွမ်းကျင်သူများနှင့် သုတေသီများ ဖြစ်လာစေရန် ကျောင်းသား ကျောင်းသူများအား စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန်၊ စာတွေ့သာမက လက်တွေ့ကျသည့် သင်ခန်းစာများဖြင့် သင်ကြားပေးပြီး လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ မိမိတို့ရရှိထားသော အရည်အသွေး အာမခံမှုများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ စီစဉ်ထားရှိပေးနိုင်ရန်၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် အဆင်သင့်ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေးတို့ကို မှာကြားပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ အခက်အခဲတင်ပြမှုများကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲအကြိုညစာစားပွဲ ကျင်းပ





နေပြည်တော် မေ ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ ပြည်သူ့အစိုးရတို့ပူးပေါင်း၍ မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်တွင် မေ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါကုန်စည်ပြပွဲ၏ အကြိုညစာစားပွဲကို ယနေ့ ညနေ ၆ နာရီခွဲတွင် Horizon Lake View Hotel ၌ ကျင်းပသည်။

ညစာစားပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ Jeng Phang နော်တောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ မြို့တော်ဝန်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံမှ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင် အသင်းအဖွဲ့များနှင့်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကုန်စည်ပြပွဲအထိမ်းအမှတ် လက်ဖက်ခြောက်ဘူးပေါ်တွင် အမှတ်တရလက်မှတ်ရေးထိုးလဲလှယ်ကြသည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး လင်ချန်းမြို့ မြို့တော်ဝန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ညစာသုံးဆောင်နေချိန်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုအနုပညာရှင်များက အကပဒေသာများဖြင့် တင်ဆက်ကပြဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် လင်ချန်းမြို့ မြို့တော်ဝန်တို့က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင် ၃၀၀ ခန့် ပါဝင်တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မိတ်ဆက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းနိုင်ငံများတွင် အများပါဝင်နိုင်သော၊ စဉ်ဆက်မပြတ်သော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့်ကောင်းများဆိုင်ရာ ဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် မေ ၂၄

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ "မဲခေါင်-လန်ချန်းနိုင်ငံများတွင် အများပါဝင်နိုင်သော၊ စဉ်ဆက်မပြတ်သောရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် အလေ့အကျင့်ကောင်းများဆိုင်ရာ ဒေသတွင်းအဆင့်ဆွေးနွေးပွဲ" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

**အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Chen Hai၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်တို့က အဖွင့်အမှာစကားများပြောကြားခဲ့ပြီး မဲခေါင် – လန်ချန်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား ၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီများမှ အကြီးအကဲများက အွန်လိုင်းမှတစ်ဆင့် မိတ်ဆက်စကားပြောကြားခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို မဲခေါင်-လန်ချန်း ဒေသတွင်း၌ အများပါဝင်အကျိုးခံစားနိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်နိုင်ရေးအတွက် မဲခေါင် – လန်ချန်း အဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနများအနေဖြင့် ကာလတို၊ ကာလလတ်နှင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ ရေးဆွဲချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍမှ စွန့်ဦးတီထွင်လုပ်ငန်းများကလည်း ယင်းတို့၏ အများပါဝင်အကျိုးခံစားနိုင်သည့် စီးပွားရေးလုပ်ငန်းပုံစံနှင့် အကောင်းဆုံး အလေ့အကျင့်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတကာနှင့် ဒေသတွင်းမှ ကျွမ်းကျင်ပညာရှင်များ၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃ ဦးတို့က အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနများမှ နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ယင်းတို့ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အများပါဝင်အကျိုးခံစားနိုင်သော စီးပွားရေးလုပ်ငန်းပုံစံများနှင့် လုပ်ကိုင်ဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်းများကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အမြင်ချင်းဖလှယ်ဆွေးနွေး၍ အကြံပြုချက်များ ပံ့ပိုးပေးခဲ့သည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Mongkol Visitstump၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ မဲခေါင် – လန်ချန်းအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှ ကိုယ်စားလှယ်များ၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများနှင့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို မေ ၂၅ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာများ ရွေးချယ်

မိုးနဲ မေ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း ကျေးရွာများ ရွေးချယ်အတည်ပြုခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပထမဦးစားပေးကျေးရွာအဖြစ် ကွန်နားကျေးရွာအုပ်စု ကွန်နားကျေးရွာ၊ ကုန်းလွန်းကျေးရွာအုပ်စု ဟွေပေါးကျေးရွာနှင့် နောင်လိုင်ကျေးရွာအုပ်စု နမ့်ကော်ကျေးရွာတို့ကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကျေးရွာအဖြစ် ရွေးချယ်တင်ပြရာ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အတည်ပြုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# မှော်ဘီမြို့နယ်၌ အခြေခံမော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်

မှော်ဘီ မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ အခြေခံမော်တာစက်ချုပ်သင်တန်းကို အင်းတန်ကျေးရွာ၌ မေ ၂၂ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။

ဦးစွာ မှော်ဘီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးတင်စိုးက သင်တန်းဆင်းပါက အလုပ်အကိုင်များရရှိစေရေးအတွက် အထည်ချုပ်စက်ရုံများနှင့်ချိတ်ဆက်ကာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၂ ရက်မှ ဇွန် ၂၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား ၂၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/ ၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ




**နေပြည်တော် မေ ၂၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/ ၂၀၂၃) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၁၂ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေး ဦးတည်ချက် ၄ ရပ် အနက်မှ ဒုတိယအချက်ဖြစ်သော ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးမှ တစ်မျိုးသားလုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနတွင်းရှိ ဝန်ထမ်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအောက်ရှိ ပညာရပ်ဆိုင်ရာ ကိစ္စရပ်များကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်စေရန် အတွက် ဝန်ထမ်း စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည် (Capacity) တိုးတက်စေရေး၊ လုပ်ဆောင်နိုင်စွမ်းရည်(Capability)တို့အတွက် လေ့ကျင့်၊ လေ့လာခြင်းဖြင့် သိရှိနားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအားလုံး နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် ဝီရိယ၊ သစ္စာ၊ ဉာဏ၊ သမာဓိ လေးမျိုးဖြင့် နိုင်ငံ့အကျိုးကို ကောင်းမွန်စွာ သယ်ပိုးနိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်ရန် ကြိုးစားထမ်းဆောင်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် သင်တန်းသားများနှင့် Group Presentation အကောင်းဆုံးရရှိသည့် သင်တန်းသားများကို ဆုများချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည့် သင်တန်းသားများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းမှရရှိသည့် အကျိုးကျေးဇူးများနှင့် သင်တန်း ဖွင့်လှစ်ပို့ချပေးခြင်းအတွက် ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် စီမံခန့်ခွဲမှု သဘောတရားများ (Management)၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (Good Governance)၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (Myanmar Companies Law)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၀၁၆ (Myanmar Investment Law) နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ၊ သံတမန်ရေးရာ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ စာရင်းစစ်ဆေးခြင်းနှင့် အစစ်ဆေးခံရန် ပြင်ဆင်ခြင်းများ စသည်တို့ကို သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသို့ အရာထမ်း၊ အမှုထမ်း ၃၅ ဦး က လူကိုယ်တိုင်နှင့် Online မှတစ်ဆင့် ၃၁ ဦး၊ စုစုပေါင်း ၆၆ ဦး တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃)ကို ဇွန်လတွင် ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အာရှမီဒီယာထိပ်သီးညီလာခံ ဒုတိယနေ့အစီအစဉ်သို့ ဆက်လက်တက်ရောက်

## မြန်မာနိုင်ငံရှိ မီဒီယာများ၏ အခြေအနေ၊ သတင်းတု / သတင်းမှားများ၏အန္တရာယ်နှင့် နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းဖြေကြား

**ဘာလီ မေ ၂၄**

(၁၈)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံ (18th Asia Media Summit) ဒုတိယနေ့ အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဒန်ပါဆာမြို့ (ဘာလီ)ရှိ Grand Hyatt Hotel Ballroom ၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆက်လက်တက်ရောက်ပြီး ပါဝင်ဆွေးနွေးကြသည်။

**ပါဝင်ဆွေးနွေး**

(၁၈)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံကို "စီးပွားရေးရေရှည်တည်တံ့ခိုင်မြဲမှုကို ပံ့ပိုးမြှင့်တင်ပေးသည့်မီဒီယာ" (Media Enhancing Economic Sustainability) ခေါင်းစဉ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြစ်သော မီဒီယာဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲစေရေး ဖန်တီးပုံဖော်ခြင်း (Creating a Sustainable Media Ecosystem)၊ ကမ္ဘာ့စီးပွားရေး ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းမှုများကို အားဖြည့်မြှင့်တင်ပေးလျက်ရှိသည့် မီဒီယာ (Media Amplifying Global Economic Recovery Efforts)၊ လူငယ်အထူးအစီအစဉ်ဖြစ်သည့် သက်ဝင်လှုပ်ရှားလာသည့် မီဒီယာ(Youth Special Session : Getting Media Active)၊ A.I နည်းပညာနှင့် မီဒီယာ၏ အနာဂတ် (Talking about A.I – Future of Media) နှင့် ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်များ (CEO Table Talk – The Next Step Forward) စသည့် ခေါင်းစဉ်များဖြင့် ကျင်းပရာ ကျွမ်းကျင်သူများက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှား ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာန (TVRI)နှင့် သီးသန့်တွေ့ဆုံမေးမြန်းခြင်း ရိုက်ကူးရေး ဆောင်ရွက်မှုတွင် မြန်မာနိုင်ငံရှိ မီဒီယာများ၏ အခြေအနေ၊ သတင်းတု/ သတင်းမှားများ၏အန္တရာယ်နှင့် နိုင်ငံတကာမီဒီယာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဖြေကြားသည်။ **(အပေါ်ပုံ)**




ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့က ကျင်းပခဲ့သည့် ဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲတွင် အဆိုပြုဆွေးနွေးခဲ့မှု ရလဒ်ဖြစ်သော လူမှုကွန်ရက်မီဒီယာများတွင် သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရေးအတွက် ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် (Bali Declaration 2023) ထုတ်ပြန်နိုင်ရေး ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ပြီး ဒေသတွင်းနိုင်ငံ အစိုးရများနှင့် ရုပ်သံလွှင့်အဖွဲ့အစည်းများ အကြား လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် အကြံပြုချက်များ၊ လူမှုကွန်ရက်မီဒီယာကို တာဝန်သိစွာ အသုံးပြုလာနိုင်စေရေး ဆောင်ရွက်နိုင်မည့် အချက်များနှင့် လူမှုကွန်ရက်မီဒီယာ တည်ထောင်သူများဘက်မှ တာဝန်ယူမှု/တာဝန်ခံမှုရှိစေရေး၊ ဒေသတွင်းအဆင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို တက်ရောက်လာသည့် နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ ရုပ်သံလွှင့်အဖွဲ့အစည်းအကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AIBD အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

**ထုတ်ပြန်ကြေညာ**

ညနေပိုင်းတွင် (၁၈)ကြိမ်မြောက်အာရှမီဒီယာ ထိပ်သီးညီလာခံ ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ၂၀၂၃ ခုနှစ် အာရှမီဒီယာထိပ်သီးညီလာခံ၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးဆုံးဖြတ်ချက်များကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြပြီး လူမှုကွန်ရက်မီဒီယာများတွင် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေး ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် (Bali Declaration 2023) ကို ညီလာခံတက်ရောက်သော ပြန်ကြားရေးကဏ္ဍဆိုင်ရာ အကြီးအကဲများ၏ စုပေါင်း သဘောတူထုတ်ပြန်ချက်အဖြစ် ကန့်ကွက်သူမရှိ အတည်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်သည့် နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဝန်ကြီးများနှင့် ရုပ်သံလွှင့်အဖွဲ့အစည်းအကြီးအကဲများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးတက်ရောက်လာကြသည့် ဝန်ကြီးများ၊ AIBD, ASEAN, TVRI တို့မှ အကြီးအကဲများအား အမှတ်တရလက်ဆောင်များ ပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၁၈)ကြိမ်မြောက် အာရှမီဒီယာထိပ်သီးညီလာခံတွင် ကန့်ကွက်သူမရှိ အတည်ပြုထုတ်ပြန်နိုင်ခဲ့သည့် လူမှုကွန်ရက်မီဒီယာများတွင် သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေး ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် (Bali Declaration 2023) တွင် လူမှုကွန်ရက်မီဒီယာ အသုံးပြု၍ သတင်းတု၊ သတင်းမှားနှင့် ပုံဖျက်ထားသည့် လုပ်ကြံသတင်းများ၏ အန္တရာယ်နှင့် စိန်ခေါ်မှုများအား အာရှ-ပစိဖိတ်ရုပ်သံလွှင့် အဖွဲ့အစည်း (AIBD)နှင့်အတူ လက်တွဲ၍ ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များဖြစ်သည့် လူမှုကွန်ရက်မီဒီယာများကို တာဝန်သိစိတ်ဖြင့် အသုံးပြုလာနိုင်စေရေး အလေးအနက်ထားပူးပေါင်းဆောင်ရွက်ရန်၊ လူမှုကွန်ရက် မီဒီယာတည်ထောင်သူများနှင့် အကျိုးသက်ဆိုင်သူ Stakeholders များဘက်က သတင်းတု၊ သတင်းမှား၊ ပုံဖျက်သတင်းများနှင့်စပ်လျဉ်း၍ တာဝန်ယူမှု တာဝန်ခံမှုရှိစေရေး ဒေသတွင်းအဆင့် တွန်းအားပေး ပူးပေါင်းဆောင်ရွက်ရန်နှင့် လူမှုကွန်ရက် မီဒီယာတည်ထောင်သူများနှင့် အကျိုးသက်ဆိုင်သူ Stakeholders များအနေဖြင့် သတင်းလွတ်လပ်ခွင့်နှင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ချိုးဖောက်ဟန့်တားရာ ရောက်သည့်သတင်းတစ်ဖက်သတ်ဖော်ပြမှုကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ထိန်းကျောင်းနိုင်ရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန် စသည့်အချက်များ အဓိကပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြဇာတ်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မေ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန် နှင့် မန္တလေး)တို့ ပူးပေါင်းကျင်းပသည့် ပြဇာတ်ပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သရဖီဆောင် အနုပညာခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြဇာတ်ဆိုင်ရာ ဆွေးနွေးကြမည့် အနုပညာရှင်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ပြဇာတ်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲသည် မြန်မာ့ပြဇာတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ တက္ကသိုလ်နှစ်ခု၏ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနများအနေဖြင့် ပြဇာတ်ပညာသင်ကြားပို့ချမှု အားကောင်းလာစေရေး၊ ပြဇာတ်ပညာ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လက်တွေ့အသုံးချဖျော်ဖြေတင်ဆက်နိုင်ရေးတို့ကို ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲ၌ ပညာရှင်ခုနစ်ဦးက ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သကဲ့သို့ နောက်ရက်တွင် ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန (ရန်ကုန်) နှင့်(မန္တလေး)တို့မှ ကျောင်းသား ကျောင်းသူများက ပြဇာတ်ပြိုင်ပွဲကို အဖွဲ့ခြောက်ဖွဲ့ဖြင့် ယှဉ်ပြိုင်ကပြတင်ဆက်ကြမည်ဖြစ်ကြောင်း၊ ပြဇာတ်မပေါ်မီကတည်းက **နိပါတ်တော်ခင်းအက**ဆိုသည်မှာ မြန်မာ့ပြဇာတ်၏ ရှေ့ပြေးလက္ခဏာများအဖြစ် ရှိနှင့်နေပြီး နောက်ပိုင်းညောင်ရမ်းခေတ်၊ မြန်မာသက္ကရာဇ် ၁၀၄၆-၁၁၁၆ ခုနှစ်အတွင်း ဝန်ကြီးပဒေသရာဇာ ရေးသားပြီး ကပြခဲ့တဲ့ **မဏိကက်ပြဇာတ်**သည် ပြဇာတ်ပုံစံ ပီပီပြင်ပြင်ဖြင့် ပထမဦးဆုံးထွက်ပေါ်လာသည့် မြန်မာပြဇာတ်ပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ **ကုန်းဘောင်ခေတ်**တွင် ပြဇာတ်တစ်ပုဒ်ကို ညစဉ်ရက်ဆက် အခန်းဆက်ကပြရသည့် **မြန်မာ့နန်းတွင်းပြဇာတ်ကြီး**များမှာ ထင်ရှားကျော်ကြားခဲ့ပါကြောင်း၊ မြန်မာ့ပြဇာတ်တစ်ခေတ်ကို စတင်ထူထောင်ခဲ့သူက ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာဖြစ်ပြီး မြန်မာ့ပြဇာတ်တစ်ခေတ်ကို ပြောင်းလဲခဲ့ကြသူများမှာ ကုန်းဘောင်ခေတ်စာဆို ဦးကြင်ဥနှင့် ဦးပုညတို့ဖြစ်ကြကာ ညစဉ်ရက်ဆက်ကပြရသည့် နန်းတွင်းဇာတ်တော်ကြီးများပုံစံမှ ခွဲထွက်လျက် တစ်ညအတွင်း အပြီးကပြနိုင်သည့် ပြဇာတ်များကို ရေးသားတင်ပြ ဖျော်ဖြေတင်ဆက်ခဲ့ကြသူများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ သူ့ကျွန်ဘဝကျရောက်ချိန် **ကိုလိုနီခေတ်ပြဇာတ်**တွေဟာ နယ်ချဲ့တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် ပြဇာတ်များဖြင့် ဇာတိမာန်ကို နှိုးဆော်ပြီး အမျိုးသားရေးတာဝန်ကျေပွန်ခဲ့ကြပါကြောင်း၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားသည့်အတွက် ရုပ်ရှင်အနုပညာရှင်များ မိမိတို့တတ်ကျွမ်းသည့် အနုသုခုမပညာဖြင့် ပြဇာတ်များ တင်ဆက်ကပြ ဖျော်ဖြေခဲ့ကြပါကြောင်း၊ လွတ်လပ်ရေးရခါနီး ၁၉၄၆ ခုနှစ် မတ် ၈ ရက်တွင် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီး ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရုပ်ရှင်နှင့် ပြဇာတ်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြကာ ယင်းအချိန်မှစ၍ ခေတ်ပေါ်ပြဇာတ်အသစ်ပုံစံများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ **လွတ်လပ်ရေးရပြီးခေတ်** စာဆိုတော်နေ့များတွင် တင်ဆက်သည့်ပြဇာတ်များ၊ မြေပဒေသာရုံ၌ တင်ဆက်သည့် ပြဇာတ်များနှင့် နေ့ထူးနေ့မြတ်ပွဲတော်ကြီးများ၌ ခင်းကျင်းပြသသည့် ပြဇာတ်များမှာ ထင်ရှားပါကြောင်း၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ စိန်မာဒင်(စိန်မဟာသဘင်) တို့နှင့်တကွ ဇာတ်သဘင်မျိုးဆက်များ၏ ပြဇာတ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဇာတ်အဖွဲ့၏ ပြဇာတ်များမှာ မြန်မာ့ပြဇာတ်ရေစီးကြောင်းကို အားကောင်းမောင်းသန်ဖြင့် ရှင်သန်စီးဆင်းခဲ့သည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ပင်မရေစီးကြောင်းကြီး၏ မြစ်လက်တက်တစ်ခုသဖွယ်ဖြစ်သည့် ပြဇာတ်ပညာကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးကြရပါကြောင်း၊ ပြဇာတ်ပညာဖြင့် စိတ်ကိုယဉ်ကျေးအောင် ဆုံးမပေးနိုင်ရမည်ဖြစ်သလို ခေတ်၏ကြေးမုံအဖြစ်လည်း ထင်ဟပ်ပြနိုင်ရမည်ဖြစ်ကြောင်း၊ ခေတ်၏လူမှုဘဝ အတွေးအခေါ် ယုံကြည်ချက်၊ ခံယူချက်များကို နည်းမှန်လမ်းမှန်ဖြစ်အောင် လမ်းညွှန်နိုင်ရမည်ဖြစ်သကဲ့သို့ တိုင်းပြည်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးတို့ကိုလည်း စွမ်းဆောင်ပေးနိုင်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ပြဇာတ်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အကယ်ဒမီများရှင် ဦးငြိမ်းမင်းက **ပြဇာတ်၏တန်ဖိုး**၊ ဦးရဲထွဋ် (သန်လျင်မောင်ဝင်းဝါ)က **ပြဇာတ်အကြောင်း- အနာဂတ်နှင့် စကားစမြည်**၊ ဦးစုအောင်(ချစ်စုအောင်)က **လက်တွေ့မှ သဘောတရားသို့ (သို့မဟုတ်) ကျွန်တော်နှင့် ကျွန်တော်ပြဇာတ်များ၏ အတွေ့အကြုံ**၊ ဦးဝင်းနိုင် (ဘငြိမ်းဝေ)က **မြန်မာပြဇာတ်**ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ဦးနန်းဝင်း(သဘင်ပညာရှင်)က **ပြဇာတ်ဖန်တီးမှုဆိုင်ရာ အတွေ့အကြုံများ**၊ ကထိက ဦးမြတ်လင်းက **ပြဇာတ်လက်တွေ့သရုပ်ဆောင်ခြင်း**၊ ကထိကဒေါ်ပပမျိုးက **ပြဇာတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇာတ်ရုံများ၏အခန်းကဏ္ဍ** ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားကြသည်။ ပြဇာတ်ပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်လျက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့အနီးရှိ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နှင့် ယနေ့တွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့အနီးရှိ ဧရာဝတီမြစ်၏ ရေအရင်းအမြစ်၊ မြစ်ရေလမ်းကြောင်း အခြေအနေနှင့် မကွေးမြို့အနီးရှိ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid)ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ချောက်မြို့အနီး ဧရာဝတီမြစ်၏ ရေအရင်းအမြစ်၊ မြစ်ရေစီးဆင်းမှုနှင့် အောက်ခံကျောက်သားတွေ့ရှိမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့က မင်းလှမြို့အနီးရှိ ဧရာဝတီမြစ်၏ ရေအရင်းအမြစ်နေရာနှင့် ယနေ့တွင် ချောက်မြို့အနီး ဧရာဝတီမြစ်၏ ရေအရင်းအမြစ်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဌေးအောင်တို့က ဧရာဝတီမြစ်ဝှမ်းဆိုင်ရာ အချက်အလက်များ၊ မင်းလှမြို့နှင့် ချောက်မြို့အနီးရှိ ဧရာဝတီမြစ်၏ ရေလမ်းကြောင်းအခြေအနေ၊ ရေမျက်နှာပြင် အနိမ့်အမြင့် ကွာခြားချက်နှင့် ရေအတိမ်အနက်အခြေအနေ၊ ရေစီးနှုန်းနှင့် မြစ်ရေထုထည်စီးနှုန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇက်ရေယာဉ်များဖြင့် မင်းလှမြို့နှင့် ချောက်မြို့အနီးရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေစီးဆင်းနေမှု၊ မြစ်ကြောင်းအတွင်း အနည်ပို့ချနှုန်းနှင့် သောင်ထွန်းနေမှု၊ ရေကြောင်းသွားလာမှု၊ မြစ်ကမ်းပါး ဝဲ/ယာရှိ ဘူမိဗေဒအခြေအနေနှင့် သဲနုန်းပို့ချမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့အနီးရှိ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံ စီမံကိန်းသို့ရောက်ရှိရာ ကုမ္ပဏီတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ရက်များတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် လက်ရှိရောက်ရှိနေသည့် ဓာတ်အားပေးစက်ကိုးလုံးအပြင် ထပ်မံရောက်ရှိရန် ကျန်ရှိသည့် ဓာတ်အားပေးစက်လေးလုံးနှင့် ထရန်စဖော်မာများအား သတ်မှတ်ကာလအတွင်း ရောက်ရှိနိုင်ရေးနှင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဓာတ်အားအပြည့်အဝထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်း လုပ်ဆောင်ရမည့်ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် ဟန်ချက်ညီဆောင်ရွက်ရန်၊ အခက်အခဲများရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြ ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းမှာကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း Solar Panel များ တပ်ဆင်ရန် မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Engine Foundation လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးအင်ဂျင်စက်ကြီးများ ရောက်ရှိနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။



အဆိုပါ ၁၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သပြေစမ်းကျေးရွာအနီးရှိ မြေဧရိယာ ၅၉၈ ဧကပေါ်တွင် တည်ဆောက်လျက်ရှိပြီး စက်တပ်ဆင်အင်အားမှာ Solar ၁၂၂ မဂ္ဂါဝပ်နှင့် Gas Engine ၁၂၆ မဂ္ဂါဝပ် နှစ်မျိုးတပ်ဆင်ထားရှိပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက ထွက်ရှိလာမည့် ဓာတ်အားများကို၁၃၂ကေဗွီ မကွေးပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးသွားမည်ဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၃၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







# (၅၁)ကြိမ်မြောက် အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အေစီယူတာဝန်ခံအရာထမ်းတို့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသည့် (၅၁) ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်း ရှင်းလင်းရေးအဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

အစည်းအဝေးသို့ အေစီယူအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ နီပေါနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘူတန်နိုင်ငံ၊ မော်လဒိုက်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။ ထို့အပြင် ရုရှားနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ဘီလာရုစ်နိုင်ငံနှင့် အစ္စလာမ့်ဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များသည် လေ့လာသူအဖြစ် တက်ရောက်ကြသည်။

အစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် အလားအလာများ၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အေစီယူ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အေစီယူကျွမ်းကျင်မှုကော်မတီမှ အကြံပြုတင်ပြချက်များဖြစ်သော နိုင်ငံဖြတ်ကျော် ပေးချေမှုများနှင့် ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေး ဆိုင်ရာဆန်းသစ်တီထွင်မှုများ ပိုမိုတိုးတက်လာစေရေး၊ အေစီယူနိုင်ငံများအကြား ပြည်တွင်းသုံးငွေကြေးဖြင့် ပေးချေမှုများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အေစီယူစနစ် ပိုမိုကျယ်ပြန့် အားကောင်းခိုင်မာလာစေရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

■

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့မှုနှင့် ဆိပ်ခံဇောတံတားတည်ဆောက်ရေးလုပ်ငန်းပြီးစီးမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် သဘာဝဘေးအန္တရာယ်ကြောင့် ကျေးရွာအတွင်း ပျက်စီးခဲ့မှုကို ပြန်လည်ပြင်ဆင်နိုင်ရေး ကြည့်ရှုစစ်ဆေး၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ဆိပ်ခံဇောတံတား စီမံကိန်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလေးငယ်များ တိုင်းရင်းသားဘာသာ အခက်အခဲကို ကျော်လွှန်၍ ကျောင်းနေပျော်ပြီး ကျောင်းထွက်နှုန်း လျော့ကျစေရန်၊ တိုင်းရင်းသားဘာသာသင်ကြားနည်းစနစ်များ ပိုမိုစနစ်ကျကောင်းမွန်လာစေရန်ရည်ရွယ်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားသင်ထောက်ကူ Teaching Assistant (TA) နှင့် တိုင်းရင်းသား ဘာသာသင် Language Teacher (LT) ဆရာ ဆရာမများ မွမ်းမံသင်တန်း (၁/၂၀၂၃) တွင် တက်ရောက်နေသည့် တိုင်းရင်းသား ဆရာ ဆရာမများကို တွေ့ဆုံ၍ မြန်မာ့ပထဝီနိုင်ငံရေး၊ ကမ္ဘာ့ပထဝီ နိုင်ငံရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချကြောင်း သိရသည်။ သတင်းစဉ်

# အုတ်ဖိုမြို့နယ်အတွင်း ကျန်းမာရေးစစ်ဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

အုတ်ဖို မေ ၂၄

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာရှိ ကိုင်းကြီးတိုက်နယ်ဆေးရုံ၌ ကျန်းမာရေးစစ်ဆေးကုသခြင်းကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်းက လိုက်လံကြည့်ရှုသည်။ အပူဒဏ်ကာကွယ်ရေးနှင့် အပူဒဏ်ကြောင့်ဖြစ်ပေါ်လာတတ်သော အခြေအနေများကို အရေးပေါ်ပြုစုပေးခြင်းအကြောင်း ကျန်းမာရေးပညာပေးခြင်း၊ တာရှည်ခံသားဆက်ခြားရန် လိုအပ်မည့် သားများမိခင်နှစ်ဦးအား သုံးနှစ်ခံလက်မောင်းတွင်းထည့် သန္ဓေတားဆေးထည့်ပေးခြင်း၊ သက်ကြီးဘိုးဘွားများနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါရှိသူများ စုစုပေါင်း ၄၈ ဦးအား ဆေးကုသမှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူ ၄၂ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မလွန်ဆေးရိုးဝင်း၊ အောင်နန်းအနောက်ရပ်ကွက်၊ ၃၃ x ၃၄ ကြား၊ (၈၅) လမ်း၊ အမှတ် (၁၂) တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၃-၅-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ၏ အလံပုံစံ**




ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၄

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ခြောက်ပါတီဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်
"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန
၂၀၂၃-၂၀၂၄ ပညာသင်နှစ်
"အသိပေးကြေညာချက်"

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံလျက်ရှိမှု မြင်ကွင်း



မွန်ပြည်နယ် ဘီးလင်းမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၃ ရက်က ကျောင်းအပ် လက်ခံစဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံလျက်ရှိရာ မေ ၂၄ ရက်က ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်မှ ထောက်ပံ့သည့် ကျောင်းသုံးပစ္စည်းများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ အမှတ် (၂) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ မေ ၂၄ ရက်က ကျောင်းအပ်လက်ခံစဉ်။ ခရိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ နိုင်ငံတော်မှထောက်ပံ့သည့် ပုံနှိပ်စာအုပ်များ ပေးဝေနေမှုကို မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးနှင့် တာဝန်ရှိသူများ မေ ၂၃ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ အောင်ဆင့်(လက်ပံတန်း)



ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်ရှိ အလက(ခွဲ) မြို့မကျောင်း၌ နိုင်ငံတော်မှထောက်ပံ့သည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံနှင့် ကျောင်းဝတ်စုံများကို မြို့နယ်ပညာရေးမှူး ဦးအောင်မင်းက ကျောင်းသူတစ်ဦးအား မေ ၂၄ ရက်က ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် မော်လမြိုင်မြို့အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို တာဝန်ရှိသူများ မေ ၂၄ ရက်က ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၄ ရက်က ကျောင်းအပ် လက်ခံစဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အခြေခံပညာကျောင်း၌ မေ ၂၄ ရက်က ကျောင်းအပ် လက်ခံစဉ်။ ခရိုင်(ပြန်/ဆက်)

# ပညာရှာလူငယ်များ သူတို့အနာဂတ်ကို လေးစား

ခင်သန်းမြင့်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူငယ်ထုအတွက်ပြိုင်ဆိုင်မှုများ၊ စိန်ခေါ်မှုများက ယခင်ခေတ်များနှင့်မတူ ပို၍ကြီးမားလာသည်။ ကုလသမဂ္ဂကလည်း ကမ္ဘာ့လူဦးရေနေ့ (World Population Day)၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day)အခမ်းအနားများတွင် လူငယ်များနှင့်ဆက်စပ်၍

**"လူငယ်တွေဟာ မည်သည့်လူ့အဖွဲ့အစည်းမှာမှ ဝန်ထုပ်ဝန်ပိုးအသွင် မဖြစ်စေရေး၊ လူငယ်တွေဟာ အဖိုးထက်ဆုံးရတနာများဖြစ်စေရမည်"**

**"လူငယ်များကျန်းမာရေးကောင်းရမည်၊ လေးစားလောက်သူများဖြစ်ရမည်၊ ပါဝင်စွမ်းဆောင်ခွင့်ရှိရမည်"**

**"လူငယ်များအတွက် သိက္ခာရှိပြီး ထုတ်လုပ်မှုရှိတဲ့ အလုပ်တွေဖွင့်ပေးကြပါ"**

စသည်ဖြင့် ဆောင်ပုဒ်များ၊ လှုံ့ဆော်မှုများ၊ ကြွေးကြော်မှုများကို နှစ်စဉ်ထုတ်ပြန်လေ့ရှိသည်။

**အပြိုင်အဆိုင်ပိုများ၍ ပိုခက်ခဲ**

တစ်ဖက်မှာလည်း ယနေ့ခေတ်လူငယ်မျိုးဆက်သစ်များသည် ယခင်ကမျိုးဆက်များထက် ပညာပို၍တတ်လာကြသော်လည်း အပြိုင်အဆိုင်ပိုများ၍ ပိုခက်ခဲမည်။ အလုပ်အကိုင်ရှာဖွေရာတွင်လည်း အခက်အခဲအတားအဆီးများစွာနှင့် ကြုံတွေ့ကြရလိမ့်မည်ဟု သုံးသပ်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများ ကြားတွင်လည်း ပြိုင်ဆိုင်မှုများ၊ စိန်ခေါ်မှုများက ပို၍မြင့်မားလာသည်နှင့်အမျှ နိုင်ငံအသီးသီးသည် ပညာခေတ်နှင့်လိုက်လျောညီထွေ လိုက်ပါစီးမျောနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် ပြီးခဲ့သည့် တရုတ်ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက် ပြည်လုံးဆိုင်ရာ ကိုယ်စားလှယ်များ ညီလာခံတွင် ပညာရေး၊ သိပ္ပံနည်းပညာနှင့် လူရည်ချွန်တို့သည် ဆိုရှယ်လစ်စနစ်ခေတ်မီနိုင်ငံတော်ဘက်စုံ တည်ဆောက်ရေးအတွက် အခြေခံနှင့် မဟာဗျူဟာမြောက် ပံ့ပိုးမှုများဖြစ်သည်။ သိပ္ပံပညာသည် နံပါတ်တစ် ထုတ်လုပ်မှုစွမ်းအား၊ လူရည်ချွန်သည် နံပါတ်တစ်အရင်းအမြစ်၊ ဆန်းသစ်တီထွင်မှုသည် နံပါတ်တစ်မောင်းနှင်အားဟူ၍ ကိုင်စွဲပြီး သိပ္ပံနှင့်နည်းပညာနှင့် ပညာရေးဖြင့် နိုင်ငံရှင်သန်တိုးတက်ရေး မဟာဗျူဟာ၊ လူရည်ချွန်ဖြင့် နိုင်ငံတောင့်တင်းခိုင်မာရေး မဟာဗျူဟာ၊ ဆန်းသစ်တီထွင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေး မဟာဗျူဟာတို့ကို နက်ရှိုင်းစွာ အကောင်အထည်ဖော်ဆောင်ရမည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်သစ်၊ လမ်းကြောင်းသစ်များ ဖွင့်လှစ်၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ချက်သစ်များ၊ အားသာချက်အသစ်များကို အဆက်မပြတ် ဖန်တီးပုံဖော်ရမည် စသည်ဖြင့် သုံးသပ်ရည်မှန်းချက်များအဖြစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် "ပြည်သူလူထုကိုဗဟိုပြု၍ ပညာရေးဖွံ့ဖြိုးတိုးတက်စေပြီး အရည်အသွေးမြင့်မားသော ပညာရေးစနစ်ကို အရှိန်အဟုန်မြှင့် တည်ဆောက်ရန်၊ အရည်အသွေးပြည့်ဝသော ပညာရေးဖော်ဆောင်ရန်၊ မသင်မနေရ ပညာရေး အရည်အသွေးမြင့်မားစွာ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နှင့်မြို့ပြ တစ်သားတည်းဖြစ်စေရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒေသတွင်းပညာရေးအရင်းအမြစ်ခွဲဝေမှုကို ပိုမိုကောင်းမွန်စေပြီး မူကြိုပညာရေး၊ အထူးပညာရေး၏ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြု ဖွံ့ဖြိုးတိုးတက်မှုအားကောင်းစေရန်၊ အထက်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ ပညာသင် ကျောင်းသားအားလုံးကို လွှမ်းခြုံထားသော ထောက်ပံ့ရေးစနစ်ကို ပြီးပြည့်စုံမှု ဖြစ်စေရန်၊ ဒစ်ဂျစ်တယ်ပညာရေးကို မြှင့်တင်၍ ပြည်သူတစ်ရပ်လုံး တစ်သက်တာသင်ယူလေ့လာနိုင်သော သင်ယူလေ့လာမှုပုံစံ လူ့အဖွဲ့အစည်း၊ သင်ယူလေ့လာမှုပုံစံ နိုင်ငံကြီးအဖြစ် တည်ဆောက်ရန်ရည်မှန်းထားသည်။

**ပညာကိုဦးထိပ် ပန်ဆင်**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာ့လူ့အဖွဲ့အစည်းသည်လည်း ပညာကိုဦးထိပ် ပန်ဆင် ရှေ့တန်းတင်လေ့ရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ မိဘနှစ်ပါး၏အလိုလိုက်မှုကြောင့် ငယ်စဉ်က စာမသင်ခဲ့သော ကုဋေရှစ်ဆယ် သူဌေးသားသည် ကြီးသောအခါဝယ် အမွေပစ္စည်းများဆုံးရှုံး၍ ခွက်လက်ဆွဲကာ တောင်းစားရသည့် ဇာတ်နိပါတ်များပင် ယခင်က ကျောင်းသင်ခန်းစာအဖြစ် ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။

ကုလသမဂ္ဂက အသက် (၁၅) နှစ်မှ (၂၄) နှစ်ကြား အရွယ်အပိုင်းအခြားကို လူငယ်အဖြစ် သတ်မှတ်ထားသကဲ့သို့ မြန်မာ့လူ့အဖွဲ့အစည်း၌လည်း ရှေးအစဉ်အဆက်ကတည်းက ပညာရှာရမည့် ပထမအရွယ်ကို ငယ်စဉ်ကာလမှ အသက် (၂၅) နှစ်အထိ ပိုင်းခြားသတ်မှတ်ထားသည်။ ပထမအရွယ်သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအရ ပညာရေးဆိုင်ရာများကို လေ့လာကြရမည့်အချိန်ပိုင်း ဖြစ်သည်ဟုဆိုသည်။

**ပညာပွားရာသော အကြောင်းတရားရှစ်ပါး**

ပညာသင်ယူသည့် အခါတွင်လည်း အတိုကောက်အားဖြင့် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာဟူ၍ မှတ်သားပြီး ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးသားခြင်း၊ လေ့ကျင့်ခြင်း၊ နှုတ်ငုံဆောင်ခြင်းဟူသည့် ပညာပွားရာသော အကြောင်းတရားရှစ်ပါးကို ရှေးအစဉ်အဆက်ကတည်းက လမ်းညွှန်မှုပြုခဲ့ပါသည်။

ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသကလည်း နှစ် (၃၀) ပြည့် မဟာသုဗောဓာရုံကျောင်းတိုက်နေ့ အထိမ်းအမှတ်အဖြစ် သောတုဇနအရှင်မြတ်တို့အား "သိမြင်လိုလား၊ သုတပွား၊ သုတပွားက၊ ပညာရ။ ပညာရလျှင်၊ ကျိုးကြောင်းမြင်၊ ကျိုးကြောင်းမြင်က၊ ချမ်းသာရ" ဟူသည့် ထေရဂါထာလာ အဆိုပါဂါထာလေးနှင့်အတူ "သိမြင်လိုမှုဆန္ဒကြောင့် စာပေသင်ယူကြားနာကြသဖြင့် သိမြင်လိုမှုနှင့်အမျှ သုတကိုအခြေခံ၍ ကြံစည်သုံးသပ်ဆုံးဖြတ်ပိုင်ပိုင် သိနိုင်စွမ်းသည့်ဉာဏ်ပညာလည်း တိုးတက်လာရပါသည်။ ဤဆန္ဒနှင့် သုတအခြေခံအကြောင်းနှစ်ရပ်သည် ပညာရရန်အတွက် လုံလောက်သောအကြောင်းနှစ်ရပ် ဖြစ်ပါသည်။ ၎င်းအကြောင်းနှစ်ရပ်ကို ဂါထာရှေ့ထက်ဝက်ဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဂါထာနောက်ထက်ဝက်ဖြင့် ပညာ၏ အကျိုးများကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။ ဆန္ဒနှင့် သုတအရင်းခံသဖြင့် ပညာရလာပါပြီ။ ရလာသည့်ပညာမှာ ဘာအကျိုးရှိပါသလဲ၊ မေးရန်ရှိလာပါသည်။ ထိုအမေးအတွက် အဖြေကိုဖော်ထုတ်ထားခြင်းဖြစ်ပါသည်။

ပညာရလာလျှင် ၎င်းပညာဖြင့် အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြား သိမြင်တတ်ပါသည်။ ပညာမရှိလျှင် မျက်မမြင်နှင့် အလားတူပါသည်။ မျက်မမြင်သူကန်း စမ်းတဝါးဝါး စခန်းသွားလျှင် လိုရာဌာနမရောက်ဘဲ ဒုက္ခအဖုံဖုံ ကြုံရသလို ပညာမရှိလျှင် အရာရာတွင် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် အမှားမှားအယွင်းယွင်းဖြင့် နောက်ဆုံး ဒုက္ခတွင်း၌သာ နစ်မြုပ်ရပါသည်။ ထို့ကြောင့် အရာရာတွင် အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြားသိတတ်သော ပညာရရှိရန် လိုအပ်ပါသည်။ ပညာရ၍ ပညာဖြင့် ကျိုးကြောင်းဆင်ခြင်သိမြင်ကာ အရာရာဆောင်ရွက်လုပ်ကိုင်သွားနိုင်သဖြင့် ချမ်းသာသုခ ရရှိနိုင်ပါသည်" စသည်ဖြင့် ပေးပို့သော ဓမ္မလက်ဆောင်ကလည်း ပညာရှာမှီးလိုသူများအတွက် မှတ်သားနာယူစရာဖြစ်ပါသည်။

"ရှာဖွေခြင်းနှင့် ရရှိခြင်း" တရားတော်တွင်လည်း ဆရာတော်ကြီးက "သုဿူသာ သုတဝဍ္ဎနီ၊ ကြားနာခြင်းဌာ အလိုရှိတယ်၊ ကြားနာတယ်ဆိုတာ ပညာယူနေတာ၊ မှတ်ယူနေတာ၊ အဲဒီကြားနာခြင်းဟာ 'သုတ'ဆိုတဲ့ မှတ်သားစရာတွေ ကိုယ့်မှာ တိုးတက်များပြားလာတယ်။ အသိတွေများလာတယ်။ မကြားဖူးတာတွေ ကြားလာလို့ သုတတွေများလာတယ်။

အဲဒီလို သုတတွေရလာတော့ ဘာဖြစ်လဲ၊ 'သုတံ ပညာယ ဝဍ္ဎန' – အသိပညာတွေ တိုးပွားလာတယ်။ ပညာဆိုတာ ဘာလုပ်ဖို့လဲ၊ ပညာဆိုတာ သဘာဝတရားတွေကို အမှန်သိအောင်စဉ်းစားတတ်တယ်၊ မြင်တတ်တယ်၊ ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိတယ်၊ အဲဒါကို ပညာလို့ ခေါ်တယ်။ သုတကို အခြေခံလိုက်တဲ့အခါ ကိုယ့်သန္တာန်မှာ Knowledge လို့ခေါ်တဲ့ ပညာတွေရလာတယ်။

အဲဒီပညာတွေရလာတဲ့အခါ ဘာလုပ်ရလဲဆိုတော့ 'ပညာယ အတ္ထံဇာနာတိ' တဲ့၊ အဲဒီ Knowledge ဆိုတဲ့ ပညာတွေရလာတဲ့အခါ ဘဝရဲ့အဓိပ္ပာယ်၊ လောကရဲ့အဓိပ္ပာယ်၊ ဘဝရဲ့ အစစ်အမှန် သရုပ်သကန်တွေကို မြင်လာတယ်။ ဒါတွေက ပညာမရှိရင် မမြင်ဘူးလေ။ အဲဒီတော့ သာမန်ကိစ္စလေးတွေ မဟုတ်ဘဲနဲ့ ဘဝရဲ့လေးနက်တဲ့အဓိပ္ပာယ်တွေ သိလာတယ်။ ဘဝရဲ့အနှစ်သာရကို သိလာတယ်။ အကျိုးအမြတ်တွေကို စဉ်းစားတတ်လာတယ်။ ဘာလုပ်သင့်တယ် ဘာမလုပ်သင့်ဘူးဆိုတာကို ခွဲခြားပြီး သိလာတယ်။ အဲဒါကိုပြောတာ၊ 'ပညာယ အတ္ထံဇာနာတိ' လေးနက်တဲ့အဓိပ္ပာယ်တွေကို သိလာတယ်။

သိလာတဲ့အခါ ဘာဖြစ်တုံးဆိုတော့ 'ဉာတော အတ္ထော သုခါဝဟော' အဲဒီလို သိလာတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီလေးနက်တဲ့ အဓိပ္ပာယ်အတိုင်း **စာမျက်နှာ ၁၃ သို့** ❁



**" ပညာရလာလျှင် ၎င်းပညာဖြင့် အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြားသိမြင်တတ်ပါသည်။ ပညာမရှိလျှင် မျက်မမြင်နှင့် အလားတူပါသည်။ မျက်မမြင်သူကန်း စမ်းတဝါးဝါး စခန်းသွားလျှင် လိုရာဌာနမရောက်ဘဲ ဒုက္ခအဖုံဖုံကြုံရသလို ပညာမရှိလျှင် အရာရာတွင် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် အမှားမှားအယွင်းယွင်းဖြင့် နောက်ဆုံး ဒုက္ခတွင်း၌သာ နစ်မြုပ်ရပါသည်။ ထို့ကြောင့် အရာရာတွင် အဆိုးအကောင်း၊ အကျိုးအကြောင်းကို ခွဲခြားသိတတ်သော ပညာရရှိရန် လိုအပ် "**

# ကမ္ဘောဒီးယားနိုင်ငံသို့ ခရီးသွားလာရောက်မှု ယခုနှစ် ပထမသုံးလအတွင်း ၁ ဒသမ ၃ သန်းနီးပါးရှိ

ဖနောင်ပင် မေ ၂၄

ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွား လာရောက်မှုသည် ယခုနှစ် ပထမသုံးလအတွင်း ၁ ဒသမ ၂၉ သန်း လာရောက်ခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလက နိုင်ငံတကာခရီးသွား ၁၅၉၅၄၆ ဦးသာရှိခဲ့သဖြင့် ၇၀၉ ရာခိုင်နှုန်းအထိ တိုးတက်မှု ရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက မေ ၂၃ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွား လာရောက်မှုတွင် ထိုင်းနိုင်ငံသည် အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံနောက်တွင် ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ထိုင်းနိုင်ငံက နိုင်ငံတကာခရီးသွား ၄၂၄၂၄၁ ဦး၊ ဗီယက်နမ်နိုင်ငံက နိုင်ငံတကာခရီးသွား ၂၀၇၅၂၇ ဦးနှင့် တရုတ်နိုင်ငံက နိုင်ငံတကာခရီးသွား ၁၃၂၆၆၅ ဦး စသည်ဖြင့် လာရောက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံတကာခရီးသွားအရေအတွက် စုစုပေါင်း လေးသန်းကျော်ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးသောင်ခွန်းက ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အပံ့ပေးလျက်ရှိသည့် ကဏ္ဍများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# ထိုင်းနိုင်ငံမြောက်ပိုင်း ဖီချစ်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျောင်းအားကစားရုံခေါင်မိုးပြိုကျ

ဗန်ကောက် မေ ၂၄

ထိုင်းနိုင်ငံမြောက်ပိုင်း ဖီချစ်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျောင်းအားကစားရုံ ခေါင်မိုးပြိုကျမှုဖြစ်ပွားခဲ့ရာ ကျောင်းသားခုနစ်ဦး သေဆုံးပြီး၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ အနူချာဘူရာပချိုင်ဆရီက ပြောကြားသည်။

ယင်းမတော်တဆမှုဖြစ်စဉ်မှာ မတ် ၂၂ ရက် ည၇နာရီကဖြစ်ပွားခဲ့ကြောင်းသဘာဝဘေးကာကွယ်ရေးနှင့် လျှော့ချရေးဌာနက ပြောကြားသည်။ ယင်းဖြစ်စဉ်အတွင်း သေဆုံးခဲ့သူများအတွက် ဝမ်းနည်းကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက သဝဏ်လွှာပေးပို့ခဲ့ပြီး ဖြစ်စဉ်အတွင်း အသက်ရှင်ကျန်ရစ်သူများအား အကူအညီများပေးအပ်ရန်နှင့် ပျောက်ဆုံးနေသူများကို ရှာဖွေရန် သက်ဆိုင်ရာဌာနများအား ညွှန်ကြားခဲ့သည်။ မုန်တိုင်းကျရောက်စဉ်တွင် လေပြင်းထန်စွာတိုက်ခတ်မှုကြောင့် ကျောင်းအားကစားရုံ၏ခေါင်မိုး ပြိုကျခဲ့ကာ အားကစားရုံအတွင်းရှိ ကျောင်းသားများ၊ မိဘများနှင့် ကျောင်းဝန်ထမ်းများထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပျက်အစီးများကြားတွင် ပိတ်မိခဲ့သည်။ ဖီချစ်ပြည်နယ်အတွင်းရှိ ဒေသခံများအား ပြည်နယ်အုပ်ချုပ်ရေးမှူး ပီအေရွှန်အဆာဗာပီချာရွှန်က သွားရောက်စစ်ဆေး၍ အကူအညီများပေးအပ်ခဲ့ကြောင်းနှင့် မုန်တိုင်းဒဏ်ခံကျောင်းနှင့် ၎င်းဒေသအား သဘာဝဘေးနယ်မြေများအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် မိုးရာသီ စတင်ကျရောက်နေပြီဖြစ်၍ နိုင်ငံတစ်ဝန်း မိုးအဆက်မပြတ် ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအရ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ပေကျင်း မေ ၂၄

တရုတ်နိုင်ငံက ဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးကြောင်းနှင့် တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ယင်းစီမံကိန်းအရ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည် ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာအိုနင်းက ယနေ့ ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအရ လမ်းများ၊ တံတားများနှင့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်နိုင်ခဲ့ပြီး လက်တွေ့ကျသည့်အကျိုးကျေးဇူးများရှိခဲ့ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်၏ ပြောကြားချက်အပေါ် ၎င်းက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

**များစွာဆောင်ရွက်ခဲ့**

သက်တမ်း ၁၀ နှစ်အတွင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘောဒီးယားနှင့် ကမ္ဘာ့နိုင်ငံများ၏ အကျိုးစီးပွား ဖြစ်လာစေရေးအတွက် များစွာဆောင်ရွက်ခဲ့ကြောင်း မာအိုက မှတ်ချက်ပြုသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများ၏ လေးပုံ သုံးပုံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် လုပ်ငန်းများ ဆောင်ရွက်နေပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာကြောင်း သိရသည်။

ယခုရရှိခဲ့သည့် ရလဒ်များအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် ကမ္ဘာ့နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်ကို သက်သေပြခြင်း ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■

# ဗီယက်နမ်နိုင်ငံ၌ လောင်စာဆီလက်လီဈေးနှုန်း အနည်းငယ်မြင့်တက်

ဟနွိုင်း မေ ၂၄

ဗီယက်နမ်နိုင်ငံ၌ လောင်စာဆီများဖြစ်သော ဓာတ်ဆီနှင့် အခြားရေနံထွက်ကုန်များ၏ လက်လီဈေးနှုန်းသည် အနည်းငယ်မြင့်တက်မှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းသည် RON95 တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၂၁၄၉၀ ရှိပြီး ဒီဇယ်တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၁၇၉၅၀ ရှိကြောင်းနှင့် RON92 တစ်လီတာလျှင် ဒေါင်၂၀၄၈၀ ရှိခြင်းကြောင့် RON95 သည် ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒီဇယ်ဈေးနှုန်းသည် ၁ ဒသမ ၆၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

လောင်စာဆီဈေးနှုန်း မြင့်တက်မှုနှင့်အတူ ဗီယက်နမ်နိုင်ငံအနေဖြင့် လောင်စာဆီထုတ်လုပ်မှုကိုလည်း ပြီးခဲ့သည့် ၁၀ ရက်အတွင်း သုည ဒသမ ၇ ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

❁ စာမျက်နှာ ၁၂ မှ

မလုပ်သင့်တာကို ရှောင်တယ်။ လုပ်သင့်တာကို လုပ်တယ်။ ဘဝမှာ အပြစ်ကင်းအောင်နေတယ်။ အပြစ်ရှိတာကို ရှောင်တယ်။ အပြစ်ကင်းတာကို ဆောင်တယ်ဆိုတော့ ဘဝမှာ လုပ်သင့်တာတွေ လုပ်ပြီး မလုပ်သင့်တာကို ရှောင်တဲ့အတွက်ကြောင့် ပြဿနာတွေ မကြုံတော့ဘဲနဲ့ လက်ရှိဘဝမှာလည်း အေးချမ်းသာယာမှုရတယ်" စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ထို့အတူ 'ပညာ န ရာနံ ရတနံ-အသိပညာသည်သာ လူ့ရဲ့ရတနာ၊ ပညာသည်သာလျှင် လူသားတို့အတွက် ရတနာဖြစ်ပါတယ်'ဟု ဆရာတော်ကြီးက မိန့်ကြားတော်မူပါသည်။

၂၀၂၃-၂၀၂၄ စာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်ရောက်လာပါပြီ။ ပညာခေတ်တွင် မိမိတို့၏ ရင်သွေးငယ်များ နောက်ကျကျန်ရစ်မှု မဖြစ်စေရန်၊ ဆုံးရှုံးနစ်နာမှုမရှိစေရန် မိဘတို့က ဝတ္တရားရှိသည့်အတိုင်း ငယ်စဉ်ကတည်းက ပညာသင်ကြားနိုင်ရန် အခြေအနေကောင်းများကို ဖန်တီးပေးရပါမည်။ ပညာရှာလူငယ်များ၏ အနာဂတ်ကိုအလေးထား လေးစားသောအားဖြင့် မပျက်မကွက် ကျောင်းအပ်နှံပေးကြရပါမည်။ ပညာရှာလူငယ်များအနေဖြင့်လည်း အပြိုင်အဆိုင်ပို၍ကြီးမားလာသော ယနေ့ကမ္ဘာတွင် သာမန်ထက်ထူးချွန်သည့် လူရည်ချွန်ပညာတတ်ကြီးများ ဖြစ်လာစေရန် ကိုယ်တိုင်ကြိုးစား လေ့လာသင်ယူကြရန် လိုအပ်ပါသည်။ တစ်ခေတ်တစ်ခါက နာမည်ကျော်အဆိုတော် အစ်မအယ်လ်ခွန်းရီ၏ အကျိုးပြုတေးသီချင်းတစ်ပုဒ်ကို ပြန်လည်အမှတ်ရကြားယောင်လာမိသည်။

သီချင်းခေါင်းစဉ်က "စိမ်းလန်းရေး"။

"နွေလွန်ရင် မေ၊ ဇွန်ရာသီ မိုးစက်တွေ၊ စိုစို့ရွှဲ သည်းကြတော့မယ်။ မြေပြင်တခို စိုပြည်အောင် သစ်ရွက်တွေ၊ စိုစိုစိမ်းယိမ်းကတော့မယ်။ စိုပြည်အောင်ရွာပါစေကွယ် မိုးမင်းရယ်၊ ဒီကမ္ဘာကြီး စိမ်းလန်းရေးကွယ်။ ဒီအချိန်မှာ စာသင်ရန် ကျောင်းတံခါးတွေ၊ တစ်ကြိမ်ပြန်ပြီး ဖွင့်ကြတော့မယ်။

**"ပညာရှာလူငယ်များ၊ ကျန်းမာစိမ်းလန်းရေး… အရေးကြီးတဲ့နေ့တွေကွယ်၊ သူတို့ အနာဂတ်ကို လေးစား။**

**"ဒီကမ္ဘာကို ပျော်ရွှင်ပါစေ စိမ်းလန်းရေးရယ်၊ လူငယ်များစိမ်းလန်းရေးကွယ်။ အမှန်ဆိုရင် ပုံဝင်အောင်ကွယ် လမ်းပြရမယ်၊ ဒီလိုအရွယ်ကတည်းက လမ်းရွေးမယ်။**

**"လူငယ်တွေ ကမ္ဘာကိုသင်ယူ အမှားကင်းစေ၊ ကမ္ဘာကြီးစိမ်းလန်းရေးကွယ်။ ဒီအိမ်မှာ ကိုယ်သီချင်းတစ်ပုဒ် ဖွဲ့လိုက်မယ်၊ လူငယ်များ စိမ်းလန်းရေးကွယ်"**

သံစဉ်၊ စာသားများကား အဓိပ္ပာယ်ပြည့်ဝလှပလို့ နေပါသည်။ အနာဂတ်နိုင်ငံတော်နှင့် ပညာရှာလူငယ်များ၏ အနာဂတ်ကို မြန်မာ့လူ့အဖွဲ့အစည်းက အလေးထား လေးစားသမှုပြုကြရပါမည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ် မေလ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်နေ့ရက်များသည် ပညာရှာလူငယ်များအတွက် အရေးကြီးသောနေ့ရက်များ ဖြစ်ပါတော့သည်။ ။

# ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တပ်နယ်များ၏ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် တပ်ရင်း / တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း



နေပြည်တော် မေ ၂၄

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် ရောက်ရှိနေသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မင်းပြားတပ်နယ်ရှိ မုန်တိုင်းသင့်၍ ပျက်စီးခဲ့သော နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးမှာကြားခဲ့ပြီး အိမ်ထောင်သည်ရဲမေများကို တွေ့ဆုံအားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် အဆိုပါ တပ်နယ်တပ်ရင်းများ၌ မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံနှင့် ဝက်မွေးမြူရေးခြံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဥစားကြက်များ၏ ဥနှုန်းများ သတ်မှတ်နှုန်းထား ပြန်လည်ပြည့်မီနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ အစာပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် နယ်မြေခံတပ်ရင်း၌ မုန်တိုင်းသင့်၍ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ပျက်စီးမှုရာခိုင်နှုန်းများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ကာ ပြန်လည်ပြင်ဆင် တည်ဆောက်သွားရန် မှာကြားခဲ့ပြီးအိမ်ထောင်သည်ရဲမေ၊ မိသားစုဝင်များကို တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များပေးအပ်သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အဖွဲ့သည် ရသေ့တောင်တပ်နယ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ရသေ့တောင်တပ်နယ်ရှိ မုန်တိုင်းသင့်၍ပျက်စီးခဲ့သော နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များရှိ အဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေး၍ ဦးစားပေးအဆင့်သတ်မှတ်ချက်များအလိုက် အမြန်ဆောက်လုပ်ပေးသွားရန်မှာကြားခဲ့ပြီး အိမ်ထောင်သည် ရဲမေ၊ မိသားစုဝင်များကိုတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်သည်။ ယင်းနောက် ရသေ့တောင်မြို့တွင် ရောက်ရှိနေသော တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ၎င်းအဖွဲ့တွင်ပါဝင်သည့် ရေသန့်ယာဉ်များမှ ရေသန့်ထုတ်လုပ်နေမှုများနှင့် ရသေ့တောင်မြို့အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရသေ့တောင်မြို့ မြသာကန်အတွင်းမှ ရေများကို ရေသန့်ယာဉ်များဖြင့် သန့်စင်၍ ပေးဝေနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ)နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေတပ်နယ်ရှိ မုန်တိုင်းဒဏ်သင့်၍ ပျက်စီးခဲ့သော တပ်ရင်းတပ်ဖွဲ့များရှိ အဆောက်အအုံများကို လိုက်လံကြည့်ရှုကာ မိုးမကျမီ တပ်ရင်း၊ တပ်ဖွဲ့ မိသားစုများ အဆင်ပြေချောမွေ့စွာပြန်လည်နေထိုင်နိုင်ရေးအတွက် ပြုပြင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ အခြေခံစားသောက်ကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များပေးအပ်သည်။

**အားပေးစကားပြောကြား**

ဆက်လက်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ)နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကာ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။ ယင်းနောက် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ **(အပေါ်ပုံ)** စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၂၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင်ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းများအား လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် လေဘေးသင့် ပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုများအား သွားရောက်ကြည့်ရှုပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ချင်းပြည်နယ် ဟားခါးမြို့နယ်သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်သည် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် လေဘေးသင့် အိမ်ထောင်စု ၈၂ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အမိုးသွပ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲသွားသည့် သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းဆောင်ရွက်နေမှုနှင့် ခတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရမ်းဗြဲမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ သာသနိက အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အလှူငွေများပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြေပုံမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားခဲ့သည့် သာသနိကအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး အလှူငွေများ လှူဒါန်းခဲ့သည်။ ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံရှိ လေဘေးသင့်ဒေသများမှ ဆေးကုသရန် ရောက်ရှိနေသော လူနာများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး အာဟာရဒါနအဖြစ် ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ လှူဒါန်းခဲ့သည်။

အလားတူ မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ဦးဥတ္တမပန်းခြံနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ မြို့နယ်ရှိ ကူညီကယ်ဆယ်ရေးအဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူတစ်ဦးက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဇေယျာသုခပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆေးကုသပေးမှုအခြေအနေများကို ကြည့်ရှုကာ အားပေးစကား ပြောကြားခဲ့သည်။

ထို့အတူ မြောက်ဦးခရိုင် မာန်အောင်မြို့နယ်သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်ဦး သည် တာဝန်ရှိသူများနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တိုင်းရင်းဆေးကုဌာန၊ မြို့နယ်မိုးလေဝသစခန်း၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်အားကစားခန်းမနှင့် ဘောလုံးပွဲကြည့်စင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းကိုကိုသည် တာဝန်ရှိသူများနှင့်အတူ သဘာဝဘေးဒဏ်သင့် ပြည်သူများကို ဒုတိယအကြိမ် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မေ ၂၄**

သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီ ကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင် အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ခုတ်ထွင်ရှင်းလင်း**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိ အခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အဆိုပါမြို့ရှိ ဂူဝဘုရား တောင်တက်လမ်း တစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စေတီတောင်ရပ်ကွက်နှင့် ဆားပြင်ကွင်း ရပ်ကွက်တို့တွင် ချက်ပြုတ်စားသောက်မှု အဆင်ပြေစေရေး သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းတွင် ကျောင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပြီး ရပ်ကွက်များအတွင်း သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောမြို့ ကံတိုင်းအောင်ကျေးရွာနှင့် ပဲရုံကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကံတိုင်းအောင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းဖွင့်ချိန်တွင် ကျောင်းသားကျောင်းသူများ စာသင်ကြားနိုင်ရေး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် တောင်ရင်းတန်းရပ်ကွက်၌ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အရှေ့မြောက်ရပ်ကွက်တွင် လျှပ်စစ်မီး အမြန်ပြန်လည်ရရှိရေး မီးကြိုးများ ပျက်စီးနေမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စာသင်ချိန်အမီ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဘူးသီးတောင်မြို့ရှိ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၌ လဲကျနေသော သစ်ပင်ကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့ပြင် ကင်းချောင်းကျေးရွာနှင့် ကကျက်ဘတ်ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဖြန့်ဝေပေးလျက်ရှိသည်။

ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးယာဉ်အုပ်စုများ အနေဖြင့်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံး သွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ "အား"

☆ ပြည်သာဖို့
ညီညာဖို့ လိုပါသည်။
ကိုယ့်မိသားစု၊ **ချောင်လည်မှုတွက်**
ကိုယ့်ရပ်ရွာရေး၊ **သာယာရေးတွက်**
ကိုယ့်ဆွေမျိုးရင်း၊ **မြင့်မားခြင်းတွက်**
ကိုယ့်အမိနိုင်ငံ၊ **တိုးတက်ရန်တွက်**
ကြံဆောင်သမျှ ကောင်းလေစွတည့်။

☆ တစ်ဦးချင်းစီ၊ **ကောင်းမှုရည်လျက်**
တိုင်းပြည် ထူထောင်ကြပါစို့။

☆ တစ်ဖွဲ့ချင်းစီ၊ **ပေါင်းစုညီလျက်**
ပြည်ကျိုး မြှင့်တင်ကြပါစို့။

☆ တိုင်းပြည် လူမျိုး၊ ချစ်မြတ်နိုးလျက်
အကျိုးစီးပွား၊ ဖွံ့စည်ထွားဖို့
စိတ်အားထက်သန်၊ ဆောင်ရွက်မှန် မူ
နိုင်ငံတော်ကြီး၊ ရှေ့ခရီးသည်
**အသီးတစ်ရာ၊ အညွှာတစ်ခု**
**ပြည်ထောင်စုပုံ၊** ကြန်အင်စုံလျက်
ဂုဏ်ဟိတ်မြင့်မား၊ မြန်မာ့ **"အား"**ဟု
ထင်ရှားပြသနိုင်မည်တကား။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် မေ ၂၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် ၎င်းတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများ ဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်

# တောင်ငူခရိုင် ပဲစိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်

**တောင်ငူ မေ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိ တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်များတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲလွန်းဖြူများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ တောင်ငူခရိုင်အနေဖြင့် မတ်ပဲ ၂၁၄၉၂၁ ဧက၊ ပဲတီစိမ်း ၄၅၀၅၅ ဧကနှင့် ပဲလွန်းဖြူ ၉၈၅၄ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ မတ်ပဲတစ်ဧကအထွက်နှုန်းမှာ ၁၂ ဒသမ ၅၀ တင်း၊ ပဲတီစိမ်း ၁၄ ဒသမ ၄၉ တင်းနှင့် ပဲလွန်းဖြူ ၁၄ ဒသမ ၅၆ တင်းရှိကြောင်း၊ တောင်ငူခရိုင်တွင် လူဦးရေ ၁၀၅၆၈၀၀ ရှိရာ လက်ရှိအထွက်နှုန်းအရ မျိုး၊ အလေအလွင့်နှင့် ဒေသတွင်းစားသုံးမှုများကို ချန်လှပ်လျှင် မတ်ပဲ ၈၁၈၀၀ တန်၊ ပဲတီ စိမ်း ၁၇၈၀၀ တန်နှင့် ပဲလွန်းဖြူ ၄၀၀၀တန်ခန့် ပိုလျှံမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**တင်ပို့ရောင်းချ**

ဈေးနှုန်းအနေဖြင့် တောင်ငူမြို့၏ ဒေသပေါက်ဈေးမှာ မတ်ပဲ(တစ်တင်းခွဲ) တစ်အိတ်လျှင် ကျပ် ၁၀၉၀၀၀၊ ပဲတီစိမ်း(တစ်တင်းခွဲ)တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ နှင့် ပဲလွန်းဖြူ (တစ်တင်းခွဲ) တစ်အိတ်လျှင် ကျပ် ၆၇၀၀၀ ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူအများစုမှာ ထွက်ရှိသော ပဲများကို နီးစပ်ရာမြို့များရှိ ပွဲရုံများသို့ ရောင်းချမှုများရှိသကဲ့သို့ သိုလှောင်၍ ဈေးမြင့်တက်သည့်အချိန်တွင် မြို့ကြီးများရှိ ပွဲရုံကြီးများသို့ တိုက်ရိုက်ရောင်းချကြောင်း၊ ပွဲရုံကြီးများမှ ပဲများကို သန့်စင်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။



# ရွှေတောင်မြို့ရှိ နှင်းဆီပန်းဈေးကွက်

**ရွှေတောင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိ မီးလောင်အုပ်စု မီးလောင်ကျေးရွာတွင် နှင်းဆီပန်းများ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးသည့်နှင်းဆီပန်းမျိုးမှာ ကျောက်စိမ်းနီမျိုးဖြစ်ပြီး မိုးဦးကျတွင် စတင်စိုက်ပျိုးကြောင်း၊ နှင်းဆီပန်းများစိုက်ပျိုးရာတွင် ပျိုးပင်များကိုသာ စိုက်ပျိုးရပြီး (၀ ဒသမ ၂၅)ဧကတွင် နှင်းဆီပင်(၁၀၀၀) ကျော်အထိ စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး နှစ်လအကြာတွင် အပွင့်များပွင့်လာပြီး လေးလမှ ငါးလအကြာတွင် ရောင်းတန်းဝင်သော နှင်းဆီပန်းများရရှိကာ စတင်ခူးဆွတ်၍ ရောင်းချရကြောင်း၊ နှင်းဆီပန်းများခူးဆွတ်ရာတွင် တစ်ရက်ခြား၊ နှစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးလျှင် အပွင့်ရေ (၈၀၀-၁၀၀၀)အထိ ရရှိကြောင်း၊ တစ်ခါစိုက်ပျိုးထားလျှင် (၅) နှစ်မှ (၆) နှစ်အထိ ခူးယူ၍ ရောင်းချရကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ထွက်ရှိလာသော နှင်းဆီပန်းများကို ရွှေတောင်မြို့ ဈေးများအပြင် ပြည်မြို့ရှိ ဈေးများနှင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ဈေးနှုန်းအနေဖြင့် နှင်းဆီတစ်ပွင့်လျှင် လက်ကားဈေး (၂၅) ကျပ်နှုန်းဖြင့် ရောင်းချကြောင်း၊ နှင်းဆီပန်းစိုက်တောင်သူများအနေဖြင့် ဈေးနှုန်းပေါ်မူတည်၍ တစ်နှစ်လျှင် ပျမ်းမျှ အကျိုးအမြတ်မှာ ကျပ် (၁၅)သိန်းခန့် ရရှိကြောင်း သိရသည်။



# ပြောင်းစိုက်တောင်သူများအကျိုးအမြတ်ရရှိ

**နတ်တလင်း မေ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်း ရာသီအလိုက် သီးနှံများစိုက်ပျိုးကြသော်လည်း ပြောင်းသီးနှံကို ပိုမိုစိုက်ပျိုးကြကြောင်း၊ ပြောင်းသီးနှံကို ရေရရှိမှုနှင့် ဈေးကွက်လိုအပ်ချက်အရ တစ်နှစ်ပတ်လုံးလိုလို တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း၊ ပြောင်းဖူးသီးနှံများကို မတ်လ(ပထမပတ်) တွင် စတင်စိုက်ပျိုးပြီး မေလ(ပထမပတ်)တွင် ထွက်ရှိကြောင်း၊ တစ်ဧကလျှင် ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ကျပ်(၇၅၀၀၀၀ မှ ၈၀၀၀၀၀ အထိ) ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ပြောင်းဖူးတစ်ဖူးလျှင် ၁၈၀ ကျပ်နှုန်းဖြင့်အရောင်းအဝယ်ဖြစ်ပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင်ကျပ် ၁၀ သိန်းခန့်ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဒေသတွင်းသာမက အခြားမြို့နယ်များမှ လာရောက်ဝယ်ယူမှုများလည်းရှိကြောင်း၊ ဒေသတွင်းအနေဖြင့် နတ်တလင်းမြို့နှင့် ပေါင်းတည်မြို့နယ်ကြား ရန်ကုန်-ပြည်လမ်း လမ်းဘေးဝဲယာတစ်လျှောက်တွင် ပြောင်းဖူးအစိမ်းကို ၁၀ ဖူးစီး အစီးလိုက်သော်လည်းကောင်း၊ အသင့်စားရန် မီးဖုတ်၍သော်လည်းကောင်း၊ ပြောင်းဖူးအစေ့ကို ခြွေပြီး ကြော်၍သော်လည်းကောင်း၊ လှော်၍သော်လည်းကောင်း ရောင်းချရသောကြောင့် ပြောင်းစိုက် တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိသည့်အတွက် ပြောင်းသီးနှံကို ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။



# သာယာဝတီခရိုင်ငရုတ်စိုက်ပျိုးမှုနှင့် ဈေးကွက်

**ပဲခူး မေ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း ငရုတ်သီးနှံများကို နှစ်စဉ်စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငရုတ်(စို)စိုက်ဧက ၉၃၇ ဧကနှင့် ငရုတ်(ခြောက်) စိုက်ဧက ၃၇၆၉ ဧကစိုက်ပျိုးလျက်ရှိကြောင်း၊ ငရုတ်(စို) တစ်ဧကလျှင် ပိဿာချိန် ၆၉၀ ခန့် ထွက်ရှိပြီး ငရုတ်(ခြောက်) တစ်ဧကလျှင် ပိဿာချိန် ၂၉၀ ခန့်ထွက်ရှိကြောင်း၊ ထွက်ရှိလာသော ငရုတ်သီးနှံများကို ဒေသတွင်းစားသုံးမှုအပြင် ပိုလျှံသည့် ငရုတ်(စို)၊ ငရုတ်(ခြောက်)များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် ငရုတ်(စို)တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ခန့်နှင့် ငရုတ်(ခြောက်) တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀-၁၃၀၀၀ ခန့်ရှိရာမှ ယခုမေလအတွင်း ငရုတ်(စို)တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ ခန့်နှင့် ငရုတ်(ခြောက်)တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀-၂၀၀၀၀ ခန့်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ငရုတ်(စို)များကို မြို့နယ်အတွင်း လက်လီစားသုံးမှုအတွက် အရောင်းအဝယ်များပြီး ငရုတ်(ခြောက်)ကို မိုးရာသီစာ သိုလှောင်ရန်အတွက် ရောင်းချရမှုများကြောင့် ဈေးကောင်းရကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



# တာချီလိတ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် မေ ၂၄**

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် အများဆုံးပို့ကုန်ပစ္စည်းများမှာ ပြောင်း၊ ပုစွန်ဖွဲ၊ ကြက်သွန်ဖြူ၊ ကြေးနီ၊ ကတ္တူစက္ကူ၊ ရော်ဘာ၊ ဆီးသီးစေ့တို့ဖြစ်ပြီး ယင်းပစ္စည်းများအနက် ပြောင်းနှင့် ပုစွန်ဖွဲများအား ပိုမိုတင်ပို့လျက်ရှိသည်။ ပြောင်းသီးနှံအား ရှမ်းပြည်နယ် (တောင်ပိုင်း) မှ သယ်ယူတင်ပို့လျက်ရှိရာ ယခုသီတင်းပတ်တွင် ပြောင်းဈေးနှုန်းမှာ တစ်တန်လျှင် ၈၇၇၈၀၀ ကျပ်ဖြင့် တန်ချိန် (၆၁၈၃ ဒသမ ၈၀၅)တန် တင်ပို့နိုင်ခဲ့သည်။ ပုစွန်ဖွဲအား ရန်ကုန်မှ သယ်ယူတင်ပို့လျက်ရှိရာ ယခုသီတင်းပတ်တွင် ပုစွန်ဖွဲဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၁၀၀၈၀၀၀ ဖြင့် တန်ချိန် ၃၈၈ တန်တင်ပို့နိုင်ခဲ့သည်။ အများဆုံး သွင်းကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ စက်သုံးဆီ၊ အုတ်၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ကာဗွန်ပုံဆောင်ခဲ၊ ကွန်ကရစ်အမိုး၊ ကြွေပြား၊ ကွန်ကရစ်အပြား၊ သွပ်ပြားတို့ဖြစ်ပြီး ယခုသီတင်းပတ်တွင် ဘိလပ်မြေ တစ်တန်လျှင် ကျပ် ၂၂၀၀၀၀ ဖြင့် ၅၈၇၃ တန် တင်သွင်းခဲ့သည်။ ပြင်ပငွေလဲနှုန်းအနေဖြင့် ကျပ်တစ်သိန်းလျှင် ၁၁၇၅ ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

# မောင်တောကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ခဲ့မှုအခြေအနေ

**မောင်တော မေ ၂၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မေ ၁ ရက်မှ မှ မေ ၂၃ ရက်အထိ ပို့ကုန် (၀ ဒသမ ၄၆၅) ဒေါ်လာသန်း၊ သွင်းကုန် (၀ ဒသမ ၀၀၁)ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ (၀ ဒသမ ၄၆၆) ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ တင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းများမှာ ကွမ်းသီး တန်ချိန် ၅၄ တန်၊ အုန်းသီး တန်ချိန် (၇) တန်၊ ဆီးသီးခြောက် တန်ချိန် (၁၄၈ ဒသမ ၅) တန်၊ ချင်း(အစို) တန်ချိန်တန် ၈၀၊ သရက်သီး တန်ချိန် (၃ ဒသမ ၅) တန်၊ မရမ်းသီးတန်ချိန် (၁၃ ဒသမ ၅)တန်နှင့် တည်းသီးတန်ချိန် (၄၆ ဒသမ ၅) တန်၊ စုစုပေါင်းတန်ချိန် ၃၅၃ တန်၊ တန်ဖိုး (၀ ဒသမ ၁၃၉) ဒေါ်လာသန်း တင်ပို့ခဲ့သည်။

၂၀၂၃ ခုနှစ် မေလ ၂၄ ရက်နေ့ (၁၁:၀၀) နာရီတွင် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၂၇ ကျပ်၊ ၁၁၄ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၃ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၈၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

# လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ

**နေပြည်တော် မေ ၂၄**

လွယ်ဂျယ် ကုန်သွယ်ရေးစခန်းအနေဖြင့် မေလ ၂၂ ရက်မှ ၂၃ ရက်အတွင်း ပို့ကုန်ပိုင်းတွင် တစ်သျှူးငှက်ပျော၊ ဆန်ကွဲနှင့် ရွှေဖရုံသီးတို့ အများဆုံးတင်ပို့နိုင်ခဲ့သည်။ ပို့ကုန်ပစ္စည်း ဈေးနှုန်းများအနေဖြင့် တစ်သျှူးငှက်ပျော တစ်တန်လျှင် ၂ ဒသမ ၃၆ ယွမ်၊ ဆန်ကွဲ တစ်တန်လျှင် ၂ ဒသမ ၉ ယွမ်နှင့် ရွှေဖရုံသီး တစ်တန်လျှင် ၁ ဒသမ ၀၃ ယွမ် ဖြစ်သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ရိတ်ခြွေစက်၊ ပိတ်လိပ်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်စုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် သံချောင်း၊ သံပြား၊ ဓာတ်မြေဩဇာ၊ ချပ်စက္ကူ၊ စက်နှင့်စက်ပစ္စည်း၊ ချပ်ဖာတို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် မေလ ၁ ရက်တွင်တစ်ယွမ်လျှင် (၄၀၈)ကျပ်ဖြစ်ခဲ့ပြီး မေ ၂၃ ရက်တွင် တစ်ယွမ်လျှင် ၄၁၂ ကျပ်အထိ မြန်မာကျပ်ငွေဈေး အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

# မြိတ်ဒေသတွင် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိ

**မြိတ် မေ ၂၄**

၂၀၂၃ ခုနှစ် မေလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် Form E အကျိုးခံစားခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်း ပရာကျွတ်ကရီခမ်မှတစ်ဆင့် မလေးရှားသို့ ငါးမှုန့် တန် ၂၁၀ နှင့် ငါးကြိတ်သား ၇ ဒသမ ၂ တန် တင်ပို့နိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ဒေသတွင် သုံးစွဲလျက်ရှိသည့် စက်သုံးဆီများအား ထိုင်းနိုင်ငံမှတင်သွင်းသုံးစွဲလျက်ရှိရာ မေ ၂၂ ရက်မှ ၂၄ ရက်အတွင်း ဓာတ်ဆီ တန် ၉၀၀ တင်သွင်းနိုင်ခဲ့သည်။

ဒေသငွေကြေး ဈေးကွက်အနေဖြင့် ကျပ်/ ဘတ် ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် (၈၄ ဒသမ ၆၅) ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

# မြစ်ကြီးနားမြို့နယ်အတွင်းရှိ IDPs စခန်းနှင့် ယာယီတိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာသူများ ၎င်းတို့၏ မူလနေရပ်နှင့် အခြားယာယီတိုက်ပွဲရှောင်စခန်းများသို့ ပြန်လည်ပြောင်းရွှေ့

**နေပြည်တော် မေ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဂျန်မိုင်ကောင်းနှစ်ခြင်း IDP စခန်း၊ ပလန စိန်ဂျိုးဇက် IDP စခန်းနှင့် နန်းကွေ့စိန်ယောဟန် IDP စခန်းတို့မှ စုစုပေါင်း အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၂၅ ဦးသည် မေ ၂၂ ရက်တွင် ၎င်းတို့၏ မူလနေရပ်များသို့ ပြန်လည် ပြောင်းရွှေ့ကြရာ ကချင်ပြည်နယ် အစိုးရအဖွဲ့က စားရေရိက္ခာများ ထောက်ပံ့ပေးသည့်အပြင် မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့ရှိ အောင်မင်္ဂလာ နှစ်ခြင်းယာယီတိုက်ပွဲရှောင်စခန်းမှ အိမ်ထောင်စု သုံးစု၊ လူဦးရေ ၁၅ ဦးသည် ၎င်းတို့ အစီအစဉ်ဖြင့် အောင်မင်္ဂလာရပ်ကွက်ရှိ ရှိမန်ကက်သလစ်ယာယီတိုက်ပွဲရှောင်စခန်းသို့ ပြောင်းရွှေ့သွားရာ တာဝန်ရှိသူများက အောင်မင်္ဂလာနှစ်ခြင်း ယာယီတိုက်ပွဲရှောင်စခန်းကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**



မြစ်ကြီးနားမြို့နယ်ရှိ IDP စခန်းများမှ အိမ်ထောင်စုများ ၎င်းတို့၏မူလနေရပ်များသို့ ပြောင်းရွှေ့ထွက်ခွာရန် ပြင်ဆင်နေကြစဉ်။



မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့ရှိ အောင်မင်္ဂလာနှစ်ခြင်း ယာယီတိုက်ပွဲရှောင်စခန်းမှ အောင်မင်္ဂလာ ရှိမန်ကက်သလစ်ယာယီတိုက်ပွဲရှောင်စခန်းသို့ ပြောင်းရွှေ့ထွက်ခွာကြစဉ်။

# သံဖြူဇရပ်မြို့နယ် ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံး

**နေပြည်တော် မေ ၂၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ ယနေ့နံနက် ၃ နာရီ ၄၅ မိနစ်မှ ၄ နာရီထိ ၁ နာရီလျှင် ပျမ်းမျှလေတိုက်နှုန်း မိုင် ၃၀ခန့်ဖြင့် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့်ရသေ့တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ၂၁ လုံးတို့မှာ အမိုးလန်၍ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေး အသင်းအဖွဲ့များက သွားရောက်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး တာဝန်ရှိသူများက လေဘေးသင့်ဒေသခံပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






**✻ ကျောဖုံးမှ**

ထို့နောက် ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများ လေယာဉ် ပျံသန်းမှုအတွေ့အကြုံရရှိစေရန် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်သော Y-12 လေယာဉ်တို့ဖြင့် အလှည့်ကျလက်တွေ့လိုက်ပါစီးနင်းကြပြီး လေယာဉ်ပျံသန်းစီးနင်းရာတွင် လိုက်နာရမည့်အချက်များနှင့် လေကြောင်းဆိုင်ရာ အတွေ့အကြုံများကို တာဝန်ရှိသူများက လေယာဉ်ပေါ်၌ ရှင်းလင်းပြသခဲ့ကြသည်။

ဆက်လက်ပြီး ကျောက်ဖြူစခန်း၊ စစ်တွေစခန်း၊ ပုသိမ်စခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်းနှင့် မန္တလေးစခန်းတို့မှ ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများသည် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။ ထိုသို့ လေ့လာရေးခရီးလာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာမှ တာဝန်ရှိသူများက ပြခန်း ခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြ နမူနာပုံစံ၊ ခန္ဓာကိုယ်၏ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိအရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့် တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် Wind tubine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗီဒီယိုပြခန်းမဆောင်တွင် အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# "တူညီတဲ့အချစ် တေးဂီတဖျော်ဖြေပွဲ" မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၂၄**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် **"တူညီတဲ့အချစ် တေးဂီတဖျော်ဖြေပွဲ"** ကို မေ၂၆ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **"ရွှေဝတ်လွှာတေးဂီတ"** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် အကယ်ဒမီ ရန်အောင်၊ သာထက်၊ ရိုတ၊ စိုးရန်အောင်၊ စိုးသီဟ၊ ချာန်ထူး၊ ကောင်းဆက်၊ ခင်လပြည့်ဝန်း၊ ဇူလိုင်ဝင့်ထည်နှင့် သွန်းတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို မေ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ်အထင် အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင် ဖန်တီးအသုံးပြုလျက် ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်း သည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း များကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အောင်ဆန်းရပ်ကွက်နေ ညီဝင့်သူ(ခ)စိန်လွင်သည် ၎င်းအသုံးပြုသည့် “Nyi Wint Thu” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း မြို့နယ် လေးထောင့်ကန်ရပ်ကွက်နေ အေးမိစံသည် ၎င်းအသုံးပြုသည့် “Aye Mi San” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပုလောမြို့နယ် မန်ကျည်းကုန်းကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ခရီးသွားမော်တော်ယာဉ်တစ်စီးပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် မေ ၂၄

တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ အရပ်သားပြည်သူများ စီးနင်း လိုက်ပါလာသည့် ခရီးသွား မော်တော်ယာဉ်အား လက်နက် ငယ်များဖြင့် ဆင်ခြင်တုံတရား မဲ့စွာ အကြောင်းမဲ့ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ခရီး သွားပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်-ထားဝယ် ဆက်သွယ်ထားသည့်လမ်းကြောင်း ပေါ်ရှိ ပုလောမြို့နယ် မန်ကျည်း ကုန်းကျေးရွာအနီး၌ မော်တော် ယာဉ် ဖြတ်သန်းသွားလာမှုများ အား နယ်မြေခံလုံခြုံရေးအဖွဲ့များ က စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ယနေ့ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့် တွင် PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်များ ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက် ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များ ထိခိုက် ဒဏ်ရာရရှိမှုမရှိဘဲ လုံခြုံရေး စစ်ဆေးမှု ခံယူလျက်ရှိသည့် တနင်္သာရီရိုးမ ခရီးသည်တင် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ နှစ်ဦး ကျည်ထိမှန် သေဆုံးခဲ့ပြီး သုံးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် ပုလောပြည်သူ့ဆေးရုံသို့ ပို့ဆောင်

ပုလောမြို့နယ် မန်ကျည်းကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သည့်နေရာပြပုံ။




ပေးခဲ့သည်။

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများ စီးနင်းလိုက်ပါလာ သည့် ခရီးသွားမော်တော်ယာဉ် အား ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ် တိုက်ခိုက်ခဲ့သည့် အကြမ်းဖက် သမားများအား ဖမ်းဆီးအရေးယူ နိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၅ | ၂၁၇၀ | ၂၀၆၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၀ | ၂၃၄၀ | ၂၇၀၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၈၅ | ၂၁၇၀ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၅၅ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၁၀ | ၁၉၅၅ | ၁၉၅၅ | ၁၉၁၅ | ၁၉၅၅ | ၁၉၈၀ | ၁၉၇၅ | ၁၉၄၀ | ၂၀၆၀ | ၂၀၅၅ | ၁၉၄၅ | ၁၉၆၀ | ၁၉၉၅ | ၁၉၉၅ | ၁၉၉၅ | ၂၂၂၅ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၉၀ | ၂၀၃၅ | ၂၀၃၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၀၂၅ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၇၅ | ၂၃၀၅ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၉၀ | ၂၀၃၅ | ၂၀၃၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၀၂၅ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၇၅ | ၂၃၀၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၈ | ၁၉၉၀ |
| 95 Ron | ၂၀၀၈ | ၂၀၈၂ |
| HSD (500 ppm) | ၁၈၁၀ | ၁၈၇၅ |
| HSD (50 ppm) | ၁၈၈၄ | ၁၉၅၁ |
| HSD (10 ppm) | ၁၈၈၄ | ၁၉၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၈၃၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲ စစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၅-၂၀၂၃) ရက်နေ့ ည (၈:၀၁)နာရီမှ (၂၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း(၇,၈၃၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၁၀,၅၉၆,၁၉၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၃၀၁)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၇,၂၆၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ e-Registration Service Login Here မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသောတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်း ဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်း သည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်း ဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံ အဆင့်ဆင့်ဗီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာ တင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည် ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို www.ird.gov.mm တွင် လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (သောကြာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန် ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာ တင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ် ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

ပြည်တွင်းအခွန်များဦးစီးဌာန

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၇၃၅၊ မြေအမျိုးအစား-ပါမစ်မြေ၊ အကျယ်(၄၀'x၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏ (ခြေရင်းဘက်ခြမ်း)အကျယ်(၂၀'x၆၀') မြေအစိတ်အပိုင်းအပါအဝင် ယင်းမြေပေါ်ရှိ အမှတ်(၇၃၅)၊ ဆည်မြောင်းလမ်း၊ ၁၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်အုံးမြ (CE-၀၄၁၉၅၅) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ(၆-၅-၂၀၀၀)ရက်စွဲပါ "အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်" အရ ဝယ်ယူထားရှိသူ ဦးသိန်းဝင်း [၁၂/ဥကတ(နိုင်) ၀၆၁၃၅၀]က မိမိတစ်ဦးတည်းလက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်းဇော် — ဦးကျော်မင်းနိုင်**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉) — အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဓညဝတီလမ်း၊ အမှတ်(၁၀)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ ပထမထပ်၊ (တိုက်မျက်နှာမူလက်ယာဘက်)၊ ဧရိယာ(၅၂၇)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးမြင့်သိန်း[၁၂/စခန(နိုင်)၀၅၅၁၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဲဆုလှိုင်[၁၂/တမန(နိုင်)၁၁၇၁၈၄]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သဲဆုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651, 09-793568375**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာနေ အဖ ဦးဘိုဘို၊ အမိ ဒေါ်နန်းတို့၏ သားဖြစ်သူ မောင်ထွဋ်ခေါင်ဦး(ခ)ဘိုရှူးသည် မိဘတို့၏ ဆိုဆုံးမမှုကို လက်မခံဘဲ မိမိသဘောဆန္ဒအလျောက်အိမ်ပေါ်မှဆင်းသွားခဲ့ပါသည်။ မိဘဆိုဆုံးမမှုကို လက်မခံသောကြောင့် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးအပ်ပါသည်။ နောက်နောင် မောင်ထွဋ်ခေါင်ဦး(ခ)ဘိုရှူးနှင့် ပတ်သက်သောအ ကြောင်းအရာမျိုးစုံမည်သည့်ကိစ္စပင်မဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း တရားဝင်အသိပေးအပ်ပါသည်။

**ဖခင် ဦးဘိုဘို - [၇/ညလပ(နိုင်) ၁၈၁၃၆၂]**
**မိခင် ဒေါ်နန်း - [၇/ညလပ(နိုင်) ၁၅၄၃၀၀]**

---

### ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈/၄(တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၄၇၈၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးရဲမြင့်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ဦးရဲမြင့်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်သူပိုင်ရှင် ဦးကျော်လွင် [၇/အတန(နိုင်) ၀၂၈၇၁၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝေယံမင်းဇော် [၁၂/အစန(နိုင်)၂၃၉၃၁၀]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍(၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝေယံမင်းဇော်**
**[၁၂/အစန(နိုင်) ၂၃၉၃၁၀]**
**အမှတ်-၃၅၂၊ ဗိုလ်မင်းရောင်လမ်း (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၉၆၈၉**

---

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မေ[၁၃/နဆန(နိုင်)၀၀၆၆၆၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ မြေတိုင်းအမှတ်(၄၆)၊ ရေကြည်(၅)လမ်း၊ အမှတ်(၄၁၄)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀x၆၀)ရှိသော ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မေသည် ဦးချစ်ဆွေအမည်ပေါက် မြေချပါမစ်မူရင်း/မိတ္တူနှင့် အတူ ဦးကျော်ဆန်းဝင်း[၁၁/မဥန(နိုင်) ၁၅၅၄၆၈]ထံမှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူ၍ လက်ရှိထား ပိုင်ဆိုင်သူဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ခင်မေ၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည်တို့အား ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၉၃၃၅၇**

---

### ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-၆၁(က)၊ (၁)ခန်းတွဲ(၁၄)ထပ်တိုက်၏ ၁၀-လွှာ၊ အခန်းအမှတ်(၁၀)၊ အကျယ်(၅၅'၆"x၅၆')ရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်း အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကန်ထရိုက်တာများဖြစ်ကြသော ဦးမြင့်ခိုင် [၁၂/အစန(နိုင်)၁၁၈၈၆၂]နှင့် ဒေါ်လှမိုးအေး [၁၂/အလန(နိုင်)၀၁၈၉၅၉]တို့မှ မိမိတို့ခွဲဝေရရှိထားသော အခန်းဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိန်းစိုး — ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်(၂၂)၊ အကျယ်(၄၀'x၆၀')၊ မြေအမျိုးအစား ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၂၂)၊ တပင်ရွှေထီးလမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါက်တာသိန်းထွန်း(CJ-၀၃၁၇၃၀)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဦးသိန်းလွင်[၁၂/လမတ(နိုင်) ၀၂၈၅၂၇]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူ မဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်းဇော် — ဦးကျော်မင်းနိုင်**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉) — အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

### "အများသိစေရန် ကြေညာချက်"

ဒေါ်တင်သန်းခိုင်[၁၂/ဗဟန(နိုင်)၀၁၈၃၅၄]ကိုင်ဆောင်သူသည် ဖခင်၊ အစ်မကြီးဖြစ်သူနှင့် မိသားစုဝင်များ စိတ်ဆင်းရဲသောကရောက်စေသည့် ငွေကြေးအရှုပ်အရှင်းများ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဒေါ်တင်သန်းခိုင် ပြုလုပ်ထားသည့် ငွေကြေးကိစ္စရပ်များကို မိသားစုဝင်များက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ထို့အပြင် ၎င်းလက်ရှိနေထိုင်နေသည့် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် (၂၅) ရပ်ကွက်၊ ယုဇန (၄)လမ်း၊ အမှတ်-၆၆၇(ခ) ဟုခေါ်တွင်သည့် မြေနှင့်မြေပေါ်ရှိ တစ်ထပ်တိုက်အိမ်မှာ ၎င်းပိုင်ဆိုင်ခြင်းမရှိပါ၍ ၎င်းအနေဖြင့် ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခွင့် လုံးဝ(လုံးဝ)မရှိပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဖခင် ဦးအောင်သိန်းကြည်[၁၂/ဗဟန(နိုင်)၀၃၅၄၈၆]နှင့် အစ်မကြီး ဒေါ်တင်သန်းအေး[၁၂/ဗဟန(နိုင်)၀၁၈၄၁၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းမြခိုင် (LL.B, LL.M) — ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀၃) — တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၄၃၀၈၈၃၈၃၊ ၀၉-၄၄၃၀၄၂၁၃၃**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈U9၊ မြေကွက်အမှတ်-၈၁၊ မြေကွက်တည်နေရာအမှတ်-၈၁၊ စွယ်တော်ဖူးလမ်း၊ ၄၈U9 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်လှလှရီ[၁၂/ဥကမ(နိုင်)၀၇၆၉၆၂] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်လှလှရီ(ဇနီး)ကွယ်လွန်သဖြင့် (ခင်ပွန်း)ဖြစ်သူ ဦးမြင့်စိုး[၁၂/ဥကမ(နိုင်)၀၇၆၉၆၃]မှ မိမိသည်သာ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော ခင်ပွန်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိသည်သာ တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ဇနီး) ဒေါ်လှလှရီ၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၈၇၄/ခ၊ မြေကွက်တည်နေရာအမှတ်-၈၇၄/ခ၊ ၁၀ ရပ်ကွက်၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မာလာ[၁၂/ရကန(နိုင်)၀၆၁၀၆၂]အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဒေါ်မာလာ မြေကွက်အား ဒေါ်မာလာ၏ SP ဒေါ်သီတာဇော် [၁၂/ဥကတ(နိုင်)၁၃၄၃၁၈]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တင်ပြသည့် SP သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိတ္တူမှန်ပြန်လည်ထုတ်ယူထားသည့် SP ဖြစ်နေခြင်း၊ မြေစာရင်းမှတ်ချက်(၅)ရှိ ၂၀၁၃ ခုနှစ် အရောင်းမြေပုံကူးမူရင်းမှာလည်း စာချုပ်စာတမ်းရုံးတွင် အရောင်းစာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ မည်သည့်နေရာတွင်မှ အသုံးပြုခဲ့ခြင်းမရှိဘဲ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်/ကတ်၊ SP မူရင်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

တော်ဝင်မိသားစုကုမ္ပဏီမှ ဆောက်လုပ်ရောင်းချသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်းရှိ မုဒိတာအိမ်ရာ(၁)၊ အခန်းအမှတ်(A-201)အား ဒေါ်နော်အက်စတာမူး (ဘ) ဦးစောရှုံးနေမူး [၁၂/ရပသ(နိုင်)၀၄၀၀၉၇]မှ တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပါသည်။ သို့သော် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်၊ တိုက်ခန်းအမည်ပြောင်း ခွင့်ပုံစံ၊ စည်းကမ်းလိုက်နာရန် ဝန်ခံကတိစာချုပ်(ပန်းရောင်)၊ တိုက်ခန်းလွှဲပြောင်းလွှာ၊ အခန်းတွင်း ပါဝင်ပစ္စည်းစာရင်း၊ စည်းကမ်းနှင့် တာဝန်ဝတ္တရားစာအုပ်စသည့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တော်ဝင်မိသားစုကုမ္ပဏီတွင် မိတ္တူမှန်ပြန်လည်ထုတ်ယူမည်ဖြစ်ပါသောကြောင့် အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ ဖြစ်စေ၊ တော်ဝင်မိသားစုကုမ္ပဏီသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက တော်ဝင်မိသားစုကုမ္ပဏီတွင် မိတ္တူမှန်ထုတ်ယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်အက်စတာမူး [၁၂/ရပသ(နိုင်)၀၄၀၀၉၇]၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါနွယ် (LL.B)　　ဒေါ်မို့မို့နှင်း (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၆၈၁) အထက်တန်းရှေ့နေ (စဉ်–၄၇၅၅၀)**
**ဖုန်း–၀၉–၄၀၀၄၀၆၈၈၆၊ ၀၉–၇၉၂၆၀၀၀၀၅၊ ၀၉–၄၂၁၇၄၂၈၅၈**
**အမှတ်(၁၃၈)၊ သုမင်္ဂလာလမ်း၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၇)တွင် နေထိုင်သူ ဦးလှမောင်+ဒေါ်ခင်နိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေတို့၏ ပထမသမီးကြီးဖြစ်သူ မခင်သင်းနိုင်သည် မိဘများ၏ စကားကို နားမထောင်၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန်းတင့် B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၀၂၀)**
**အမှတ်–၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်။ ဖုန်း–၀၉–၅၀၉၉၆၃၇**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အ.မ.က နောင်လင် Grade–6 မှ မောင်ထက်မြက်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ထွန်း [၁၃/နခတ(နိုင်)၀၅၇၃၀၂]ဖြစ်ပါကြောင်း။

**ဦးဇော်နိုင်ထွန်း**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့နယ်၊ အင်းသဇင်ကျေးရွာအုပ်စု၊ ကုန်းဝိုင်းကြီးကျေးရွာနေ (ဘ)ဦးတင်ဦး၏ သား မောင်စိန်အောင်မိုး [၇/ဒဥန(နိုင်)၁၄၃၁၁၀]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၉၇၅၀၁၉၁၈၄**

## အမည်ပြောင်း

စမ်းချောင်းမြို့နယ်၊ အ.မ.က (၂)စမ်းချောင်း၊ Grade–1 မှ ဦးမောင်မြင့် [၅/ခဥန(နိုင်)၁၃၂၉၆၄]၏ သား မောင်ညဏ်လင်္ကာအား မောင်သုခအောင်မြင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သုခအောင်မြင်**

## အမည်ပြောင်း

ဦးအောင်ချစ်ဇော် [၁၄/ကပန(နိုင်)၁၉၈၆၄၅]၏ သား မောင်ညီမင်းထက် အား မောင်ထက်အောင်ရှိုင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊လူနေရပ်ကွက်အမှတ်(ရွှေပင်လုံအိမ်ရာအပိုင်း–၄)၊မြေကွက်အမှတ်(၁၃–E)၊အကျယ်အဝန်း(၈၀x၉၅)ပေအကျယ်ရှိ(အရပ်ခေါ်)ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၂၇)ရပ်ကွက်၊ရွှေပင်လုံအိမ်ရာအပိုင်း–၄၊တော်ဝင်နှင်းဆီ(၂)လမ်း၊အမှတ်(၁၃–E)ဟုခေါ်တွင်သည့်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်ထားပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ်သုမာလာမောင်(ခ)ရွှေအိမ်စည်(၁၃/တကန(နိုင်)၁၉၇၃၆၂)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ပိုးအိဖြူ
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၂၅)
LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)
Ph : 09- 5080073 , 09-765080073,09- 40809 8822 ,09- 40923 8877
အမှတ်(1-A/2 )၊မြသီတာအိမ်ရာ၊(၁၄)ရပ်ကွက်၊၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊မြေကွက်အမှတ်(၁၂/၄)၊အကျယ်အဝန်း(၀. ၀၅၂)ဧကပေအကျယ်ရှိ၊ဦးဇော်ဝင်းအမည်ပေါက်သည့်နှစ်(၆၀)ဂရန်မြေကွက်နှင့်(အရပ်ခေါ်)လှိုင်မြို့နယ်၊(၁၂)ရပ်ကွက်၊မာလာရုံလမ်း၊အမှတ်(၁၉၄/၁၉၅/၁၉၆)ဟုခေါ်တွင်သည့်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်အမွေဆက်ခံလက်ဝယ်ပိုင်ဆိုင်ထားပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ်ခင်သန်းအေး(၁၂/ဗဟန(နိုင်)၀၈၀၀၇၀)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ထွန်း　　ဒေါ်ပိုးအိဖြူ
LL.B.,LL.M　　LL.B,D.B.L,D.I.L,D.I.P.L
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃)　　တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၂၅)
Ph : 09-5080073, 09-420189919, 09-408098822, 09-409238877
အမှတ်(1/A2)၊မြသီတာအိမ်ရာ၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၀၊ ဗိုလ်ဇင်ယော်လမ်း၊ မြေကွက်အမှတ်(၂၄၄)၊ အကျယ်အဝန်း(၄၂ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဦးအုံးလွင် [၁၂/ဥကတ(နိုင်)၀၄၇၂၈၉]+ဒေါ်ခင်မာ [၁၂/ဥကတ(နိုင်)၀၇၀၄၂၇]အမည်ဖြင့် ပူးတွဲမှတ်သားတည်ရှိပြီး ဦးအုံးလွင်သည် (၂၇–၄–၂၀၁၉) ရက်နေ့တွင် ကွယ်လွန် ခဲ့ပြီးဖြစ်၍ အမည်ပေါက်တစ်ဦးဖြစ်သော ဇနီးဒေါ်ခင်မာမှ အရှုပ်အရှင်းမရှိဘဲ တစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၆၅)**
**အမှတ်–၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၂၁၈၀၁၃၊ ၀၉–၇၈၆၃၁၇၂၈၀**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၃၊ လူနေရပ်ကွက်အမှတ်–၁၃၊ မြေကွက်အမှတ်–၂၈၀/က၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ကောလိယ ၂၉ လမ်း၊ အမှတ်–၂၈၀/က ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင် ဦးတင်ဦး [၁၂/ဥကတ(နိုင်)၁၂၈၂၆၃၊ ISN ၅၃၈၂၂၅]ထံမှ ဒေါ်ဝိုင်းကြည် (S/OKA ၀၀၈၀၃၉) က (၂၆–၁၂–၁၉၉၅)နေ့စွဲပါစာချုပ်ဖြင့် လည်းကောင်း၊ ၎င်းထံမှ ဒေါ်အုံးကျင် (CE ၁၀၀၆၁၆)က (၁၉–၈–၁၉၉၆) နေ့စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ ၎င်းထံမှ ဦးအောင်လွင် (MME ၅၈၆၄၁၈)က (၁၅–၁၁–၁၉၉၆)နေ့စွဲပါ စာချုပ်ဖြင့်လည်းကောင်း၊ ၎င်းထံမှ ဦးထွန်းနိုင် [၁၂/ဗဟန(နိုင်)၀၅၇၄၆၄]က (၂၅–၁၂–၁၉၉၈)နေ့စွဲပါ စာချုပ်များဖြင့် အဆင့်ဆင့်ပိုင်ဆိုင်လာခဲ့ပါသည်။ ဦးထွန်းနိုင်ထံမှ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ–ထပ်)၊Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉– ၉၆၅၁၇၈၀၁၈၊ ၀၉– ၂၅၀၀၆၀၃၁၃**

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ င–ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်–၁၀၃၆/ခ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–င၊ မြေကွက်အမှတ်–၁၀၃၆/ခ၊ အကျယ်(၂၀'x၅၀')၊ မြေအမျိုးအစား–နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးစိုးလွင်[၇/သကန(နိုင်)၀၁၁၅၀၅]က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဟိန်းစိုး　　ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၃)　　တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းတောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်–၁၅၈(၂လွှာ/A)၊ပထမထပ်နေ ဒေါ်မျိုးမျိုးတင်ကိုဝင်း (တရားလွှတ်တော်ရှေ့နေ)၊ (ဘ)ဦးတင်ကိုဝင်း၏ သမီး [၁၂/မဂဒ(နိုင်)၁၃၀၀၄၉]ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်မျိုးမျိုးတင်ကိုဝင်း [၁၂/မဂဒ(နိုင်)၁၃၀၀၄၉]နှင့် ဦးကျော်ဝဏ္ဏစံ [၇/ပခန(နိုင်)၁၉၂၁၆၂] ကိုင်ဆောင်သူတို့သည် နှစ်ဦးနှစ်ဖက်ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါသဖြင့် (၁၉–၅–၂၀၂၃)ရက်နေ့တွင် "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်" ကို ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် (တရားရုံးမှတ်ပုံတင်အမှတ်–၇၂/၂၀၂၃) ဖြင့် ကွာရှင်းပြတ်စဲခြင်းစာချုပ်ကို နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသဖြင့် ယခုနေ့ရက်မှစ၍ နောက်နောင်တွင် ဦးကျော်ဝဏ္ဏစံနှင့်ပတ်သက်သမျှသောကိစ္စအဝဝသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမျိုးတင်ကိုဝင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးတင်လှိုင်ထွေး B.A(Law),LL.B　　ဒေါ်ငုဝါဝင်း(LL.B)**
**(စဉ်–၂၁၃၆/၈၁)　　(စဉ်–၁၅၇၉၈)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၁၀/၁၂၊ ပထပ်၊ အခန်းအမှတ်–၁၀၃(I)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၈၅၈၈၀၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ်(ဥ–၇၄၇၆)၊ ဦးအောင်ဖြူ(ခ) အောင်နိုင်၊ အဖအမည် ဦးသိန်းဖေ[၉/မရမ(နိုင်)၀၁၀၆၂၄] အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက် ဦးအောင်ဖြူ(ခ)အောင်နိုင်၊ အဖအမည် ဦးသိန်းဖေ [၉/မရမ(နိုင်)၀၁၀၆၂၄]မှ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေကွက်နေရာ (ယာယီ) ချထားပေးသည့် လက်မှတ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာ(ယာယီ)ချထားပေးခြင်း ခွင့်ပြုမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန် (၁) ဓာတ်အားခွဲရုံနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) Yangon Control Center ရှိ SCADA-ADMS Terminal Unit Gateway Panel(RTU Panel)တပ်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများအတွက်ပုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၅.၅.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၉.၆.၂၀၂၃) ရက်နေ့၊(၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း၊၀၁–၂၂၀၈၁၆ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာကေတမြို့နယ်အတွင်း AMI မီတာများ တပ်ဆင်နိုင်ရန်အတွက် ရှပ်ထွေးဆားဗစ်များရှင်းလင်းရန် 400V လိုင်းအသစ်တည်ဆောက်ခြင်းအတွက်လိုအပ်သောပစ္စည်းများ နှင့် လှိုင်သာယာမြို့နယ်ရန်ကုန်–ပုသိမ်လမ်းမကြီးတစ်လျှောက်မြေအောက်လမ်းမီးဓာတ်အားလိုင်း (၂.၇၄) မိုင်တည်ဆောက်ခြင်းအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၆.၅.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၉.၆.၂၀၂၃)ရက်နေ့ ၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁–၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### အင်းစိန်ခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၂၉

ဦးသန်းရွှေ (တရားလို)　နှင့်　ဒေါ်ကြူကြူ(ခ)ဒေါ်ငွေရီ (တရားပြိုင်)

ဒေါ်ကြူကြူ(ခ)ဒေါ်ငွေရီ၊ အမှတ်(H-21)၊ အထက်ပဒေသာပင်လမ်း၊ FMI City၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်(ယခုနေရပ်လိပ်စာ–မသိ)သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုများက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ–၄၂ အရ (၃၁–၁–၂၀၁၉)ရက်စွဲပါ နှစ်ဦးသဘောတူ အပြီးအပိုင်စွန့်လွှတ်ခြင်း စာချုပ်သည် ပျက်ပြယ်နေသောစာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၈)ရက် (၁၃၈၅ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မေလ(၁၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွှတ်။　　**(မိုးကျော်)**
ငွေ–၂၀ဝိ/ရရှိပြီး။　　**ခရိုင်တရားသူကြီး**
**အင်းစိန်ခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄–ရပ်ကွက်၊ ကျောက်စိမ်း(၇)လမ်း၊ အမှတ်–၈၇၆ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၄၊ မြေကွက်အမှတ်–၈၇၆၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား–နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်တင်ဦး [၁၂/လမန(နိုင်)၀၅၆၉၈၂]အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးတင်ကိုကြူ [၁၂/သဃက(နိုင်)၀၁၂၂၁၉]က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဟိန်းစိုး　　ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်–၄၈၉၃၃)　　တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၈၇၅)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၃၉)ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ပထမထပ်(ခြေရင်းခန်း) (၁၂½ပေx၅၀ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းရွှေ[၁၂/စခန(နိုင်)၀၁၅၅၈၀]ထံမှ ဒေါ်အေးသန်း[၁၄/ဒဒရ(နိုင်)၀၆၅၈၄၄] က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan – ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:-09-767772099, 09-767779901, 09-777797911, 09-789877799,**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ရန်အတွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုများ အဆင့်မီအောင်ဆောင်ရွက်၍ သုံးစွဲသူများ စိတ်ပါဝင်စားမှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်...

❖ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရန်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ မိမိတို့၏ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ

### ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံလျက်ရှိမှု မြင်ကွင်း

စာမျက်နှာ » ၁၁



### ကမ္ဘောဒီးယားနိုင်ငံသို့ ခရီးသွားလာရောက်မှု ယခုနှစ်ပထမသုံးလအတွင်း ၁ ဒသမ ၃ သန်းနီးပါးရှိ

စာမျက်နှာ » ၁၃

### မြစ်ကြီးနားမြို့နယ်အတွင်းရှိ IDPs စခန်းနှင့် ယာယီတိုက်ပွဲရှောင်စခန်းများမှ နေရပ်စွန့်ခွာသူများ ၎င်းတို့၏ မူလနေရပ်နှင့် အခြားယာယီတိုက်ပွဲရှောင်စခန်းများသို့ ပြန်လည်ပြောင်းရွှေ့

စာမျက်နှာ » ၁၇

## ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညို အခြေအနေ

(က) အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေပါသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ ဇွန်လအတွင်း အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

(ခ) အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှု မူမမှန်ခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။

(ဂ) အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်ပါသည်။

မိုး/ဇလ

## ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများ ရန်ကုန်မြို့ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် မော်ဘီလေတပ်စခန်းသို့ သွားရောက်လေ့လာ



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)မှ သင်တန်းသား သင်တန်းသူများ ရန်ကုန်မြို့ရှိ မော်ဘီလေတပ်စခန်းတွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် မေ ၂၄

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ကျိုင်းတုံစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ အင်းယားစခန်းနှင့် ကိုကိုးကျွန်းစခန်းတို့မှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မော်ဘီလေတပ်စခန်းသို့ လေ့လာရေးခရီးသွားရောက်ကြသည်။ ဦးစွာ လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများကို တပ်မတော်(လေ)မှတာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳